# ဝတ္ထုရေးနည်းအခြေပြု

## တင့်တယ်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ဝတ္ထုရေးပုံ နည်းမျိုးစုံ
ဝတ္ထုဆိုတာ ဘာလဲ၊ ဝတ္ထုရေးသူ
ဝတ္ထုရေးသူသည် မည်သူပေနည်း
ဝတ္ထုရေးလိုလျှင် ဝတ္ထုဖတ်ပါ
ဝတ္ထုကို မည်သို့ စရမည်နည်း၊ ဝတ္ထု၏အစ ခေါင်းစီးက
ဝတ္ထုဇာတ်လမ်း အစအဆုံးသိနှင့်ရမည်
ဝတ္ထုနှင့် ကိုယ်ပိုင်သိအသေးစိတ်များ
ဝတ္ထုအစ ကိုယ်တွေ့က၊ ဝတ္ထု၏အသက်
ဝတ္ထုအာခချီနည်း
ဝတ္ထုအစနှင့် ဇာတ်ကောင်များ အမည်များ
ဝတ္ထုစနည်းအသေးစိတ်ဥပမာ
ဝတ္ထု၏ လည်ပင်းပိုင်း၊ ဝတ္ထုနှင့် ပုလင်းဥပမာ
ဝတ္ထု၏ တွန်းပို့အား
ဝတ္ထုရေးသူ၏ ပရိယာယ်သော့ချက်
ဝတ္ထု၏စကားပြောနှင့် စာသား
ဝတ္ထု၏ကိုယ်ထည် (ဝါ) စာကိုယ်
ဝတ္ထုစာကိုယ် ပုံစံသုံးမျိုး
ဝတ္ထုဇာတ်လမ်းခင်းနည်း
ဝတ္ထုအဆုံးသတ်နည်း
ဝတ္ထုပုံစံများ၊ ဝတ္ထုစံပြနမူနာ

FIC0168
2,000.00KS

mgyoe.com

mgyoe.com

ဝတ္ထုရေးနည်းအခြေပြု၊ တင့်တယ်
စာမျက်နှာ ၁၆၈ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
၁၉၇၄၊ သောကြာစာအုပ်တိုက်၏ ပထမအကြိမ်မူ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ဝတ္ထုရေးလိုသူများအတွက်
မြန်မာစာပေ မျက်မှောက်ခေတ် နှစ်ပေါင်း (၄၀) အတွင်း
ဝတ္ထုတို-ရှည် လုံးချင်း အများဆုံးရေးခဲ့သူ

စာရေးဆရာ တင့်တယ်

နည်းပေးသော

# ဝတ္ထုရေးနည်းအခြေပြ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


■ ဝတ္ထုရေးပုံ နည်းမျိုးစုံ
စာရေးသူ၏အမှာ (၁)

■ ဝတ္ထုဆိုတာ ဘာလဲ (၉)

■ ဝတ္ထုရေးသူ
ဝတ္ထုရေးသူသည် မည်သူပေနည်း (၁၂)

၁။ ဝတ္ထုရေးလိုလျှင် ဝတ္ထုဖတ်ပါ ၂၁

၂။ ဝတ္ထုကို မည်သို့ စရမည်နည်း ၂၆

၃။ ဝတ္ထု၏အစ ခေါင်းစီးက ၂၉

၄။ ဝတ္ထုဇာတ်လမ်း အစအဆုံး သိနှင့်ရမည် ၃၄

၅။ ဝတ္ထုနှင့် ကိုယ်ပိုင်သိ အသေးစိတ်များ ၃၆

၆။ ဝတ္ထုအစ ကိုယ်တွေ့က ၃၈

၇။ ဝတ္ထု၏အသက် ၄၂

၈။ ဝတ္ထုအစချီနည်း (က) ၆၆

၉။ ဝတ္ထုအစချီနည်း (ခ) ၅၅

၁၀။ ဝတ္ထုအစနှင့် ဇာတ်ကောင်များ၊ အမည်များ ၅၉


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၁။ | ဝတ္ထုစနည်း အသေးစိတ်ဥပမာ | ၆၂ |
| ၁၂။ | ဝတ္ထု၏လည်ပင်းပိုင်း | ၆၆ |
| ၁၃။ | ဝတ္ထုနှင့် ပုလင်းဥပမာ | ၇၈ |
| ၁၄။ | ဝတ္ထု၏ တွန်းပို့အား | ၈၁ |
| ၁၅။ | ဝတ္ထုရေးသူ၏ ပရိယာယ်သော့ချက် | ၉၅ |
| ၁၆။ | ဝတ္ထု၏စကားပြောနှင့် စာသား | ၁၀၀ |
| ၁၇။ | ဝတ္ထု၏ကိုယ်ထည် (ဝါ) စာကိုယ် | ၁၀၆ |
| ၁၈။ | ဝတ္ထုစာကိုယ် ပုံစံသုံးမျိုး | ၁၂၂ |
| ၁၉။ | ဝတ္ထုဇာတ်လမ်းခင်းနည်း | ၁၃၀ |
| ၂၀။ | ဝတ္ထုအဆုံးသတ်နည်း | ၁၃၉ |
| ၂၁။ | ဝတ္ထုပုံစံများ | ၁၄၉ |
| ၂၂။ | ဝတ္ထုစံပြနမူနာ<br>ဆရာကြီး ပီမိုးနင်း၏ "လူကြံ ကံဖန်"<br>ဇာတ်လမ်းအကျဉ်းချုပ် | ၁၅၉ |
| ၂၃။ | နိဂုံး | ၁၆၅ |


❂

mgyoe.com

mgyoe.com



# ဝတ္ထုရေးပုံ နည်းမျိုးစုံ
## စာရေးသူ၏ အမှာ

ဝတ္ထုရေးစရာ အကြောင်းရပ်များသည် ဤလောကကြီး တစ်ခွင်လုံးတွင် မရေမတွက်နိုင်လောက်အောင်ပင်လျှင် များပြားစွာ ရှိ၍ နေကြလေသည်။

ဤမျှ များပြားလှစွာသော ဝတ္ထုရေးစရာ အကြောင်းရပ်များအနက်မှ ကောင်းနိုးရာရာနှင့် အဆင်သင့်ရာတို့ကို ရွေးချယ်ကာ ဝတ္ထုဖတ်သူအား ဝတ္ထုရေးသူက စာဖြင့် ရေးသားတင်ပြသော စာအစုတစ်ခုသည် ဝတ္ထုပင် ဖြစ်လေသည်။

ဝတ္ထုဖတ်သူအား ဝတ္ထုရေးသူက ကောင်းနိုးရာရာ ဝတ္ထုရေးစရာ အကြောင်းရပ်များကို ဝတ္ထုအဖြစ်ဖြင့် ရေးသားတင်ပြရာ၌ ဝတ္ထုရေးစရာအကြောင်းရပ် (ဝါ) ဝတ္ထုဇာတ်လမ်းများကလည်း မရေမတွက်နိုင်လောက်အောင်ပင် များပြားနေ၏။ သို့ များပြားနေသလောက်ပင်လည်း ဝတ္ထုရေးဟန်များကလည်း နည်းမျိုးပေါင်းစုံ များစွာပင် ရှိ၍ နေကြပေသည်။

ထို့ကြောင့် ဝတ္ထုရေးလိုကြသော ကလောင်သစ်လွင်များ

mgyoe.com

mgyoe.com



အတွက် များပြားလှစွာသော ဝတ္ထုရေးဟန်များ၏ အကြောင်းကို လက်တွေ့ ကျင့်သုံးရေးသားရာ၌ အသုံးချနိုင်ကြစေရန် ဤနေရာတွင် အလှမ်းမီသမျှ စုံလင်စွာ အသေးစိတ် တင်ပြလိုပေသည်။

## ဝတ္ထုရေးစရာ အကြောင်းအရာ

လောကကြီး တစ်ခွင်လုံးတွင် ဝတ္ထုရေးစရာအကြောင်းအရာတွေ အပြည့်အနှက် ရှိ၍နေ၏။ ထိုအကြောင်းအရာတို့သည်ပင်လျှင် ဝတ္ထုရေးရာ၌ ထိုက်သင့်သလို အကွက်ကျ တစ်မျိုးစီ ပါဝင်ကြရစမြဲဖြစ်၏။ နေအကြောင်း၊ လေအကြောင်း၊ ညောင်ပင်ကြီး၏ အကြောင်း၊ ဒန့်ကျွဲပင်၏ အကြောင်းများမှအစ ခွေးအကြောင်း၊ ကြောင်အကြောင်းများအထိပါ ဝတ္ထုရေးနိုင်ကြပေသည်။

ထို့ကြောင့်ပင်လည်း ဝတ္ထုရေးစရာအကြောင်းရပ်များသည် ပတ်ဝန်းကျင် လောကကြီးတစ်ခွင်လုံး၌ အနမတဂ္ဂရှိ၍နေသည်ဟု ဆိုရခြင်းဖြစ်၏။

သို့သော်လည်း လူသည် လူ၏အကြောင်းကိုသာလျှင် အသိချင်ဆုံးဖြစ်၏။ ထို့ကြောင့် ဝတ္ထုရေးရာတွင် လူတို့၏အကြောင်းကို အများဆုံးရေး၍နေကြရခြင်းဖြစ်၏။ ဝတ္ထုရေးပြီ... ဟု ဆိုပါလျှင် လူ၏အကြောင်း မပါလျှင်မဖြစ်ချေ၊ အများဆုံး သိချင်နေသော လူ၏အကြောင်းကို ရေးလျှင် အများဆုံး ဖတ်ချင်သော ဝတ္ထုစာမျိုးဖြစ်လာရလေသည်။ ထို့ကြောင့် ဝတ္ထုရေးချင်သော သူတစ်ဦး၏အဖို့၌ လူ့အကြောင်းကိုပင် ဝတ္ထုရေးရပေလိမ့်မည်။ သို့မှသာ ဖတ်ချင်သူ အများဆုံးနှင့် တွေ့ထိရပေလိမ့်မည်။

mgyoe.com

mgyoe.com



## ဝတ္ထုနှင့် ငါ–သင်–သူ

လူသည် လူ့အကြောင်းကို အသိချင်ဆုံးဖြစ်သည်ဟု ဆိုခဲ့၏။ လူက သိချင်သော လူ့အကြောင်းများမှာကား…

၁။ **ငါ့**အကြောင်း။

၂။ **သင့်**အကြောင်းနှင့်။

၃။ **သူ့**အကြောင်းတို့ပင် ဖြစ်ကြပေသည်။

မြန်မာသဒ္ဒါ စကားအားဖြင့် ပြောဆိုရမည် ဆိုပါလျှင်…

၁။ **အမှ ယောဂ–** ငါ၊ ကျွန်ုပ် စသဖြင့် ပထမပြောသူ။

၂။ **တုမှ ယောဂ–** သင်၊ မင်း စသဖြင့် ဒုတိယ အပြောခံရသူနှင့်။

၃။ **နာမ ယောဂ–** သူ၊ သူမ၊ သူတို့ စသဖြင့် တတိယ ပြောခြင်းခံရသူ…။

ဟူသော သုံးမျိုးတို့ပင်ဖြစ်ကြလေသည်။

ဝတ္ထုရေးသော ကလောင်ရှင်တိုင်းသည် အထက်ပါ လူသုံးမျိုးတို့၏ အကြောင်းများကိုသာ ရေးသား၍နေကြရ၏။

၁။ ကိုယ့်အကြောင်းကို ကိုယ်ရေး၏။

၂။ ချစ်သော သူငယ်ချင်း၏အကြောင်း။

သို့မဟုတ် ညီအစ်ကိုတစ်ယောက်၏အကြောင်းကို ရေး၏ ။

၃။ မိမိကိုယ်တိုင်၏ အကြောင်းလည်းမဟုတ်၊ မိမိနှင့် နီးစပ်သော ဆွေမျိုးသားချင်း သူငယ်ချင်းမိတ်ဆွေများ၏ အကြောင်းလည်းမဟုတ်၊ မိမိတို့နှင့် သက်ဆိုင်ခြင်း မည်သို့မျှမရှိသော ပဲပြုတ်သည်ကလေး၏အကြောင်း၊ ဆိုက်ကားဆရာတစ်ဦး၏အကြောင်း၊ ပင်စင်စား အရေးပိုင်ကြီး တစ်ယောက်၏အကြောင်း၊ ကောလိပ်ကျောင်းသူတစ်ယောက်

mgyoe.com

mgyoe.com



၏အကြောင်း၊ ငါးပိသည်တစ်ယောက်၏အကြောင်း၊ ပြည့်တန်ဆာတစ်ယောက်၏အကြောင်း၊ အရူးတစ်ယောက်၏အကြောင်း၊ သုဘရာဇာတစ်ဦး၏ အကြောင်း၊ ခွေးအကြောင်း၊ မြင်းအကြောင်း၊ သစ်ပင်တစ်ပင်၏အကြောင်းစသည်တို့အထိပင် ရေးသား၏။

တစ်နည်းဆိုရပါသော်...

၁။ မိမိကိုယ်တိုင် တွေ့ကြုံခံစားရသော အဖြစ်အပျက်များကို ရေးသား၏။

၂။ မိမိနှင့်နီးစပ်ရာ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်း ပတ်ဝန်းကျင်တို့၏ တွေ့ကြုံခံစားကြရပုံများကို ရေးသား၏။

၃။ မိမိနှင့် ဘာမျှတော်စပ်ခြင်းလည်းမရှိ၊ ရင်းနှီးဆက်စပ်မှုလည်း မရှိသော လောကတစ်ခွင် ဘုံအပြင်ဝယ် နေထိုင်လျက် ရှိကြသော "အစိမ်းသက်သက်"များ၏အကြောင်းတို့ကိုလည်း ရေးသား၏။

ယင်းသည်တို့မှာကား ဝတ္ထုရေးစရာ အကြောင်းရင်းခံ သုံးပါးတို့ပင် ဖြစ်ကြလေသည်။

ထိုသို့သော ဝတ္ထုရေးစရာ အကြောင်းရင်းခံ သုံးပါးတို့အနက်မှ တစ်ခုခုကို အခြေခံထားကာ ဝတ္ထုကို ရေးကြရ၏။

ယင်းသို့ ဝတ္ထုများကို ရေးသားကြသောအခါ၌ ဘာတွေကို ရေးကြလေသနည်း။

ဤနေရာတွင် ကျမ်းပြုသူက ကိုယ်တွေ့တစ်ရပ်ကို တင်ပြလိုက်ပေသည်။ ထိုကိုယ်တွေ့မှာကား အခြားမဟုတ်။

ဝတ္ထုရေးသားလိုကြသောသူများသည် ကျမ်းပြုသူအားမေးခွန်းတစ်ရပ်ကို လွယ်လွယ်ကလေးဖြင့် မေးလေ့ရှိကြ၏။

mgyoe.com

mgyoe.com



ထိုမေးခွန်းကို အမေးခံ၍ လာခဲ့ရသည်မှာလည်း နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်၍ လာခဲ့ပြီဖြစ်၏။

ယင်းသည် မေးခွန်းမှာကား– "ဝတ္ထုကို ဘယ်လိုရေးရမလဲ" ဟူသော မေးခွန်းပင်ဖြစ်၏။

ထိုမေးခွန်း၏ ပထမဦးဆုံး လက်မွှန်အဖြေသည်ကား ဤ "ဝတ္ထုရေးနည်း အခြေပြကျမ်း"ပင်လျှင် ဖြစ်ပေသည်။ ဤကျမ်း ငယ်သည် "ဝတ္ထုကို ဘယ်လိုရေးရမလဲ" ဟူသော မေးခွန်းကို စည်းစနစ်ကျနစွာ အဖြေပေးရန် ကြိုးစားပြုစု၍ထားအပ်သော ကျမ်းငယ်ပင်လျှင် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် တကယ်တမ်း ဝတ္ထုရေးသားလိုကြ သော ကလောင်သစ်လွင် မောင်မယ်များသည် ဤနေရာမှ စတင် ကာ နှစ်ပေါင်း ၄၀ ကျော်မျှ ကိုယ်တွေ့ ဗဟုသုတ ရှာမှီးလေ့လာ ပြီး ကိုယ်တိုင်လည်း ဝတ္ထုတိုရှည်များကို ထောင်ဂဏန်းထက် ပင် ကျော်လွန်ကာ ရေးသားခဲ့ဖူးပြီးပြီဖြစ်သော ကျမ်းပြုသူ၏ အကြံပေးတင်ပြချက်များကို သာမန်ကာလျှံကာမျှဖြင့် လေ့လာ ဆည်းပူးခြင်းမပြုဘဲ နက်နက်နဲနဲ မှတ်ယူတွေးတော စဉ်းစား ဆင်ခြင်ကာ ဤကျမ်းငယ်က အဆိုပြုတင်ပြ၍ ထားအပ်သော (အခြေခံ) အချက်အလက်များကို အထပ်ထပ် လေ့လာကာ ဆည်းပူးနည်းယူနိုင်ကြလိမ့်မည်ဟု မျှော်လင့်ထားမိပေသည်။

## ဝတ္ထုနှင့် ရသ ကိုးပါး

ဝတ္ထုရေးရာတွင် (၁) ငါ၊ (၂) သင်နှင့် (၃) သူတို့၏ အကြောင်းကို ရေးရသည်ဟူ၍ အဆိုပြုထားခဲ့ပေသည်။

ယင်းသည် (၁) ငါ၊ (၂) သင်နှင့် (၃) သူတို့၏အကြောင်း

mgyoe.com

mgyoe.com



များကို ရေးသားသောအခါ၌ သို့ရေးသားသောအကြောင်းများ သည် ရသ,ကိုးပါးတို့ကို ရေတွက်၍ ပြရန် လိုအပ်၍လာပေ သည်။

ရသ ကိုးပါးတို့မှာကား

၁။ သိင်္ဂါရ ရသ ... ချစ်ခင်ခြင်း။
၂။ ဟဿ ရသ ... ရယ်ရွှင်ခြင်း။
၃။ ကရုဏာ ရသ ... သနားကြင်နာခြင်း။
၄။ ရုဒ္ဒ ရသ ... ကြမ်းကြုတ်ခက်ထန်ခြင်း။
၅။ ဝီရ ရသ ... ရဲရင့်ခြင်း။
၆။ ဘယာနက ရသ ... ကြောက်ရွံ့ခြင်း။
၇။ ဝိဘစ္ဆ ရသ ... စက်ဆုပ်ခြင်း။
၈။ အဗ္ဘုတ ရသ ... အံ့သြခြင်း။
၉။ သန္တရသ ... ငြိမ်းအေးခြင်း။

...စသည်တို့ ဖြစ်ကြလေသည်။

(**စကားချပ်။** ။ အချို့သော ကျမ်းဆရာများ၏ အလို အရ ရသကိုးပါးတွင် **ဝစ္ဆလျ-(ဝစ္ဆလ) မိဘတို့၏ချစ်ခြင်း** ရသ တစ်ခုအဖြစ်ဖြင့် ထပ်တိုးကာ **ရသ ၁၀ ပါး**အဖြစ်ဖြင့် ပြ၍ ထား၏။ သို့သော် မိဘတို့၏ ချစ်ခြင်းသည် အသချေ် အနန္တ ရှိ၏။ ယင်းသည် အသချေ် အနန္တထဲတွင် ချစ်ခင်ခြင်း၊ ရယ် ရွှင်ခြင်း၊ သနားကြင်နာခြင်းတည်းဟူသော ရသ သုံးပါးတို့ စုဝေး ပါဝင်ပြီး ဖြစ်နေသောကြောင့် ဤကျမ်းငယ်၏အဖို့တွင် **ရသ ကိုးပါး**ကိုသာလျှင် အခြေခံထားကာ ရေးသားတင်ပြရမည် ဖြစ်ကြောင်းကို ကြိုတင်၍ မှာထားလိုပေသည်။ နောင်အခါတွင်

mgyoe.com

mgyoe.com



အငြင်းမပွားစေရန် ဖြစ်၏။ **ကျမ်းပြုသူ)**

(၁) ငါ၊ (၂) သင်နှင့် (၃) သူ– သုံးမျိုးတို့၏အကြောင်းကို ရသကိုးပါးပေါ်အောင် ရေးသားမည်ဆိုပါသော် ဝတ္ထုရေးနည်း ၂၇ မျိုး ပေါ်ထွက်လာနိုင်၏။ အကယ်၍ ဝတ္ထုတစ်ပုဒ်တည်း၌ (ငါ)၏ အကြောင်းကို ရသတစ်မျိုးတည်းသာမက နှစ်မျိုးပေါ်အောင် ရေးသားနိုင်မည်ဆိုပါသော် ဝတ္ထုရေးနည်းသည် ၅၄ မျိုးဖြစ်၍ လာပေလိမ့်မည်။ ဤကား ဂဏန်းသင်္ချာနှင့်တွက်၍ ပြခြင်းမျှဖြစ်၏။

စင်စစ်တွင်မူကား... ဝတ္ထုတစ်ပုဒ်တွင် (ငါ) လည်း ပါ၏။ (သင်) လည်း ပါ၏။ (သူ) လည်း ပါ၏။ ရသကိုးမျိုးစလုံးတို့ကို လည်း တစ်ခု၊ နှစ်ခု၊ သုံးခုဖြစ်စေ... သို့တည်းမဟုတ်၊ ကိုးမျိုး စလုံးပင် ပါဝင်အောင်ဖြစ်စေ ထည့်သွင်းရေးသားနိုင်၏။

သို့ဖြစ်ရာ ဝတ္ထုရေးနည်း စုစုပေါင်း မည်မျှရှိမည်နည်းဟု (အဓိပ္ပာယ် ထင်ရှားလွယ်ကာ သဘောပေါက်နိုင်စေရန် အလွယ် အားဖြင့် တင်ပြရမည် ဆိုပါသော် (၁× ၂× ၃) × (၁× ၂× ၃× ၄× ၅× ၆× ၇× ၈× ၉) ဟူသော ကိန်း၏အဖြေဖြစ်သည်။ နည်း ပေါင်း ၄၅၃၆၀ (လေးသောင်း ငါးထောင် သုံးရာ့ ခြောက်ဆယ်) ရှိသည်ဟူ၍ ဂဏန်းအားဖြင့် တင်ပြရမည်သာ ဖြစ်လေသည်။

ထိုမျှမကသေး... ဝတ္ထုသည် စာကိုမရေး၊ စိတ်ကိုရေးခြင်း ဖြစ်ရာ "စိတ်တစ်ခုယုတ် ၉၀ အကျယ် ၁၂၁"ဟူသော စကား အရ ဝတ္ထုရေးနည်း အခြေခံ ၄၅၀၀၀ ကျော်ကို ၁၂၁ နှင့်ထပ်၍ မြှောက်ရဦးမည်ဖြစ်ရကား... ထူးထူးထွေထွေ တွေးတော၍ မနေ ဘဲ "ဝတ္ထုရေးနည်းဆိုသည်မှာကား နည်းပေါင်းများစွာ ရှိ၏။ မည်သည့် နည်းအတိုင်းရေးရမည်ဟူ၍ ပုံသေကားကျ သတ်မှတ်

mgyoe.com

mgyoe.com



ထားခြင်းမရှိ၊ ဝတ္ထုတစ်ပုဒ်တည်း၌ ရေးနည်းရေးဟန် နှစ်မျိုး၊ သုံးမျိုး (သို့မဟုတ်) လေးမျိုး၊ ငါးမျိုး စပ်ဟပ် ပါဝင်လျက် ရှိနေတတ်သည်။ စိတ်၏အပြောင်းအလဲ များသလောက် ဝတ္ထု ဇာတ်လမ်း၏ အကွေ့အကောက် အပြောင်းအလဲများသည် များ ပြားသည်။ သို့ဖြစ်၍ ဝတ္ထုရေးရာတွင် ပုံသေကားကျ စနစ်ဟူ၍ မရှိ၊ ဝတ္ထု၏ ရည်ရွယ်ချက် ပန်းတိုင်သို့ ရောက်အောင် စာတစ် ကြောင်းပြီး တစ်ကြောင်း တွန်းပို့၍ ပေးရာတွင် ဝတ္ထုရေးနည်း ပရိယာယ်အသွယ်သွယ်တို့ကို ချက်ကျလက်ကျ အသုံးချတတ် အောင် ကြိုးစားဖို့သာလျှင် အဓိကဖြစ်သည်" ဟူ၍ စိတ်ထဲတွင် ယုံကြည်၍ ထားအပ်လှပေသည်။

ဤယုံကြည်ချက်ကို ထားရှိပြီးဖြစ်ပါက ဝတ္ထုရေးနည်းနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို ဤကျမ်း ငယ်တွင် ဆက်လက်၍ ဖတ်ရှု မှတ်သားကာ လက်တွေ့ ကျင့် သုံးရန်သာ ကျန်ရှိပေတော့သည်။

✪

mgyoe.com

mgyoe.com



# ဝတ္ထုဆိုတာ ဘာလဲ

ဝတ္ထုဆိုတာ ဘာလဲ...

ဤမေးခွန်း၏ အဖြေသည် အလွန်တရာ ကျယ်ဝန်းလှပါသည်။

လောကကြီးတစ်ခွင်လုံးတွင် ဖြစ်ပျက်၍ နေသမျှသော အကြောင်းအရာ အားလုံးတို့သည် ဝတ္ထုများချည်းသာလျှင် ဖြစ်ကြပါသည်။

သက်ရှိ၊ သက်မဲ့ အားလုံးတို့၏ အကြောင်းများသည် ဝတ္ထုများ ဖြစ်ကြ၏။

တောတောင်၊ သစ်ပင်၊ ကောင်းကင်၊ ရေမြေတို့၏ အကြောင်းများသည် ဝတ္ထုများဖြစ်ကြ၏။

ခွေး၊ ကြောင်၊ ဆင်၊ ကျား တိရစ္ဆာန်များ၏အကြောင်းများသည်လည်း ဝတ္ထုများပင်...။

မနုဿလူသားတို့၏ အကြောင်းအရာများသည်ကား ရေးသား၍ မကုန်နိုင်သော ဝတ္ထုဇာတ်လမ်းများ ဖြစ်ကြပါ၏။

၃၁ ဘုံတွင် ကျင်လည်၍နေကြသော နတ်ဗြဟ္မာတို့၏ အကြောင်းများသည်ပင် ဝတ္ထုဖြစ်၏။

mgyoe.com

mgyoe.com


ထို့ကြောင့်...

ဝတ္ထုဆိုသည်မှာ စကြဝဠာကြီးတစ်ခုလုံး၌ ပါဝင်၍နေကြသော သက်ရှိသက်မဲ့အားလုံးတို့၏ အကြောင်းများအနက်မှ မိမိစိတ်နှင့် တွေ့ရာ အကြောင်းရပ်တစ်ခုခုကို စာဖတ်သူ၏အဖို့၌ ဖတ်ချင်စဖွယ်လည်း ဖြစ်လေအောင် ဖတ်၍ နားလည်လွယ်စေအောင်နှင့် သို့ဖတ်ရှုပြီးနောက် နားလည်သောအခါတွင် စာဖတ်သူ၌ ရသကိုးပါးတို့အနက် တစ်ပါးပါးဖြစ်ပေါ်လေအောင် စီကာစဉ်ကာ ရေးသားစီကုံး၍ထားသော အဖြစ်အပျက်အကြောင်းရပ်တစ်ခုခုပင် ဖြစ်လေသည်။

စကြဝဠာကြီး တစ်ခွင်လုံးနှင့်အနှံ့ ဝတ္ထုရေးစရာအကြောင်းတွေ အသင်္ချေအနန္တ ရှိ၍နေကြ၏။ ထိုအကြောင်းရပ်များထဲမှ အကြောင်းရပ်တစ်ခုခုကို ရွေးချယ်ကာ ဖတ်ပျော်အောင် ရေးလျှင် ဝတ္ထုတစ်ပုဒ်ဖြစ်၍လာနိုင်ပေသည်။

ဝတ္ထုဆိုသည်မှာကား အချစ်မေတ္တာ၏အကြောင်းသက်သက်တစ်ခုတည်းသာမဟုတ်၊ အခြားသော စိတ်ခံစားချက်များနှင့်ပါ သက်ဆိုင်၍ နေပေသည်။

ဝတ္ထုသည် ဤမျှအထိ နယ်ပယ်ကျယ်ဝန်းပေသည်။

သို့သော်...

စကြဝဠာအထိ ဝတ္ထုသည် ကျယ်ဝန်းသည်ဟု ဆိုကာမျှနှင့် ဝတ္ထုကိုလည်းကောင်း၊ ဝတ္ထုရေးရန်ကိုလည်းကောင်း ကြောက်ရွံ့၍ မနေသင့်ပေ...။

အကြောင်းမှာမူကား ဝတ္ထုရေးသူ ရှိ၍နေသောကြောင့်ပင် ဖြစ်၍နေသည်။ ဝတ္ထုရေးသူသည် စကြဝဠာကြီးတစ်ခုလုံးအထိ မိမိ၏ အတွေးနယ်ကို ချဲ့၍ စဉ်းစားကာ ကောင်းနိုးရာရာတို့ကို

mgyoe.com

mgyoe.com



ရွေးချယ်ပြီးနောက် ဝတ္ထုကို ရေးနိုင်လေသည်။

ဥပမာအားဖြင့် အခြားသော ဂြိုဟ်များတွင် ရှိ၍နေကြသော သတ္တဝါများ၏ အကြောင်းကိုပင်လျှင် (ယခုအခါ၌ လက်တွေ့ မဟုတ်သေးသော စိတ်ကူးယဉ်ဝတ္ထုများ အနေဖြင့်ပင်ဖြစ်စေ) ရေးသားနေကြ၏။ နမူနာအားဖြင့် စာရေးဆရာအောင်မြင် ဘာသာပြန်ဆိုသော ရှုမဝတိုက်ထုတ် "အခြားစကြဝဠာမှဂြိုဟ်" ဘာသာပြန်ဝတ္ထုမျိုးဖြစ်၏။

ဤမျှအထိ ဝတ္ထု၏နယ်ပယ်သည် ကျယ်ဝန်းလေသည်။ သို့သော် လက်တွေ့ပြဆိုရပါလျှင် ယခုအခါ၌ ယေဘုယျအားဖြင့် 'ဝတ္ထု' ဟု ခေါ်ဝေါ်၍နေကြသော စာပေအမျိုးအစားသည်ကား မနုဿ လူ့လောကတစ်ခွင်တည်းတွင် ရှိ၍နေကြသော သက်ရှိသက်မဲ့ အားလုံးတို့၏ အကြောင်းများကို အခြေခံကာ ရေးသားထားသော အဖြစ်အပျက်များပင် ဖြစ်လေသည်။

သို့သော် ဝတ္ထုရှိစေလိုလျှင် ရှေးဦးဆုံးရှိရမည်မှာကား ဝတ္ထုရေးသူပင်ဖြစ်လေသည်။ ဤမနုဿလောကကြီး တစ်ခွင်လုံး၌ ဝတ္ထုရေးစရာတွေက အနန္တရှိ၍နေကြ၏။ သို့သော် ထိုအနန္တဖြစ်သော အကြောင်းအရာ အဖြစ်အပျက်များကို ဝတ္ထုရေးဆရာက ရေးမှ ဝတ္ထုဟူ၍ ဖြစ်လာ၏။ ထို့ကြောင့်ပင်လျှင် ဆရာကြီး ပီမိုးနင်းက "စက္ကူ–မင်တံနှင့် ငါ..." သုံးမျိုးပေါင်းလျှင် ဝတ္ထုဖြစ်သည်ဟု အဆိုပြုခဲ့လေသည်။

ဤနေရာ၌ 'ငါ' ဆိုသည်မှာကား ဝတ္ထုရေးသူပင် ဖြစ်လေသည်။

ထို့ကြောင့် ဝတ္ထုရေးရာ၌ ဝတ္ထုရေးသူသည် အရေးအကြီးဆုံး ဖြစ်လေသည်။ ✪

mgyoe.com

mgyoe.com



## ဝတ္ထုရေးသူ
## ဝတ္ထုရေးသူသည် မည်သူပေနည်း

ဝတ္ထုရေးသူသည် မြန်မာစာ ရေးတတ်၊ ဖတ်တတ်သူ ဖြစ်၏။ (နိုင်ငံခြားဘာသာစကားနှင့် စာပေကိုတတ်၍ထားလျှင် ပို၍ ကောင်း၏။ သို့သော် အဓိကမဟုတ်ဟု မှတ်ပါလေ...)

ဝတ္ထုရေးသူသည် မြန်မာစာ ရေးတတ်၊ ဖတ်တတ်သူဖြစ်ပြီး သည့်နောက် ဝတ္ထုရေးချင်သော စိတ်အလိုဆန္ဒ တင်းပြည့်ကျပ် ပြည့်ရှိသောသူလည်း ဖြစ်ရ၏။ ဝတ္ထုရေးလိုသော ဆန္ဒရှိမှ ဝတ္ထု ကို ရေးချင်ပေလိမ့်မည်။

ဝတ္ထုရေးသူသည် မိမိရေးလိုသော ဝတ္ထုကို အချိန်ကုန်လူပန်း ခံကာ တကယ့်လက်တွေ့ရေးသားသောသူလည်း ဖြစ်၏။ ကောင်းသည်၊ မကောင်းသည်ကို အပထား၍ ဝတ္ထုရေးသူသည် ဝတ္ထုတစ်ပုဒ်ကို အစအဆုံးပြီးစီးအောင် ရေးသားသူဖြစ်၏။ ယင်း သည်ကား ဝတ္ထုရေးသူအဖြစ်သို့ ရောက်အောင် ဖန်တီးသော အချက်ဖြစ်၏။

ဝတ္ထုရေးချင်လျက်နှင့် မရေးဖြစ်သောသူများနှင့် ဝတ္ထုကို

mgyoe.com

mgyoe.com



စ၍ ရေးပြီးမှ အဆုံးအထိ မရေးသားဘဲ လမ်းခုလတ်တွင် တစ်ဝက်တစ်ပျက်နှင့် တိုးလိုးတန်းလန်း ထားပြီး အဆုံးမသတ်သေးသော ဝတ္ထုမျိုးကို ရေးသားသောသူသည် ဝတ္ထုရေးသူ မဟုတ်နိုင်ပေ။

ဝတ္ထုကောင်းသည်၊ မကောင်းသည်ကို အပထား၍ (ထပ်၍လေးနက်စွာ ဆိုပါဦးမည်...) ဝတ္ထု**ကောင်းသည်၊ မကောင်းသည်ကို အပထား၍** ဝတ္ထုတစ်ပုဒ်ကို စ, လယ်, ဆုံး သုံးပါးစလုံး ရေးသားပြီးသော သူကိုမှသာလျှင် **'ဝတ္ထုရေးဆရာ'**ဟု ခေါ်ရ၏။ သို့မဟုတ်ပါက ဝတ္ထုရေးသည် မမည်ချေ...။

## ဝတ္ထုရေးရန်ပစ္စည်းများ

ဝတ္ထုရေးတော့မည်ဆိုပါလျှင် ဝတ္ထုရေးရန် ပစ္စည်းများ လိုအပ်လာပါ၏။ ထိုပစ္စည်းများမှာကား ဆရာကြီး ပီမိုးနင်း၏ အဆိုအတိုင်း ဝတ္ထုရေးသူ (ငါ) ၏အပြင် စက္ကူနှင့် ကလောင်တို့ ဖြစ်ကြလေသည်။

ဝတ္ထုရေးရန် စက္ကူသည် ဖြစ်နိုင်လျှင် နှစ်ဖက်လွတ်စက္ကူ ဖြစ်ရ၏။ သင့်တင့်မျှတစွာ အမျိုးအစားကောင်း၍ မဖုံမပွဘဲ ကျစ်လျစ်သော စက္ကူအမျိုးအစားဖြစ်သင့်လေသည်။

မင်ပျံ့လွယ်သော စက္ကူအပွစားများနှင့် မရေးနှင့်။ မင်ပျံ့သွားသောကြောင့် ရေးထားသော စာလုံးများ မသဲမကွဲ ဖြစ်တတ်သည်။

မင်အထင်နည်းသော စက္ကူအကျစ်စားများနှင့် မရေးနှင့်၊ မင်ကောင်းစွာ မစွဲမထင်သောကြောင့် (ဝလုံး) (စလုံး) (ခအောက်ခြိုက်) (မ) (ဗထက်ခြိုက်) အစရှိသော အက္ခရာများသည် ကွဲကွဲ

mgyoe.com

mgyoe.com



ပြားပြား ထင်ရှားစွာမရှိတတ်။

ထို့ကြောင့် မင်မပျံ့ဘဲ စက္ကူဈေးလည်း အဖိုးချိုသာကာ အလွယ်တကူနှင့် ရတတ်သော သတင်းစာရိုက်သည့် ဈေးချိုချို စက္ကူမျိုးဖြင့် ရေးရန်ကောင်း၏။ (သို့သော်– အချို့သော ကလောင်သစ်များ၏ အဖို့မှာ ယင်းသည့် သတင်းစာရိုက်စက္ကူ မျိုးကို နယ်များတွင်ရရှိနိုင်ရန် လွယ်ကူမည် မထင်ပေ။ ထို့ကြောင့် ရရာစက္ကူနှင့်သာ ရေးကြရပေလိမ့်မည်)

ရေးပါ၊ ရရာစက္ကူနှင့်ပင် ရေးပါ။

"ရရာစက္ကူနှင့်ရေးပါ" ဟု ဆိုရာတွင် ယင်းသည့် ရရာစက္ကူ သည် နှစ်ဖက်လွတ်စက္ကူ ဖြစ်သင့်ပါသည်။

"တစ်ဖက်လွတ် စက္ကူနှင့်ကော မရေးနိုင်ဘူးလား" ဟု မေး စရာရှိ၏။ "ရေးနိုင်ပါသည်"ဟုသာ ဖြေရပေမည်။ "ဒါဖြင့် ဘာ ဖြစ်လို့ နှစ်ဖက်လွတ် စက္ကူနှင့် အရေးခိုင်းသနည်း"ဟု ထပ်ဆင့် ၍ မေးစရာရှိပြန်၏။ အဖြေမှာကား လွယ်လွယ်ကလေးပင် ဖြစ် ပါသည်။ "တစ်ဖက်လွတ်စက္ကူနှင့် ရေးရခြင်းသည် စက္ကူအလွန့် အလွန် ရှားပါးမှသာလျှင် ခွင့်လွှတ်လက်ခံနိုင်ပေလိမ့်မည်။ ယခု ခေတ်၏ ကျောင်းသုံး ဗလာစာအုပ်များကို တော်တော်ကလေး ပြည့်စုံအောင်ပင် ပြည်သူ့ကော်ပိုရေးရှင်း အမှတ် (၉) က တစ်နိုင်ငံ လုံးသို့ ဖြန့်ချိလျက်ရှိ၍နေ၏။ ထို့ကြောင့် ကျောင်းသုံး ဗလာ စက္ကူ စာအုပ်များကို လွယ်လွယ်နှင့် ဝယ်ယူကာ ရေးသားနိုင်ကြ မည်သာ ဖြစ်ပါသည်။ တစ်ဖက်လွတ်စက္ကူနှင့် ရေးသားခြင်း သည် ဝတ္ထုစာမူကို ဖတ်ရှုစိစစ်ရမည့် ဝတ္ထုစာတည်း၏ စိတ်ကို မသိမသာ နှောင့်ယှက်တတ်ပါသည်။ မိမိထံသို့ တစ်ဖက်လွတ် စက္ကူဖြင့် မိတ်ဆွေတစ်ယောက်က ပေးစာတစ်စောင်ကို ရေးလိုက်

mgyoe.com

mgyoe.com



သည် ဆိုပါစို့။ ထိုပေးစာကို ရသောအခါ ပေးစာကို ဖတ်ပြီးလျှင် ကျောဘက်က စာများကို ဆက်၍ ဖတ်ကြည့်မိပေလိမ့်မည်။ ဤနည်းဖြင့် ထိုစာကို ဖတ်သူသည် မိတ်ဆွေ၏ ပေးစာကို စိတ်ဝင်စားရာက ကျောဘက်က စာများ၊ အရုပ်များသို့ စိတ်ရောက်သွားရ၏။ ထိုနည်းတူစွာပင်လျှင် ဝတ္ထုစာတည်းသည် ဝတ္ထုရေးသူ၏စာမူကို စိတ်ဝင်စားနေရာမှ ကျောဘက်က စာများ၊ အရုပ်များသို့ စိတ်ရောက်၍ သွားပေလိမ့်မည်။ တစ်ခါတွင် မြေတိုင်းစာရေးတစ်ယောက်က တစ်ဖက်လွတ် စက္ကူများဖြင့် ဝတ္ထုရေးပို့ဖူး၏။ သူအသုံးပြုသော တစ်ဖက်လွတ်စက္ကူမှာ မြေတိုင်းဌာနက အသုံးပြုသော ကွင်းဆက်မြေပုံများဖြစ်နေ၏။ မြေပုံစာရွက်ကြီးများကို အလောတော် ဖြတ်တောက်၍ ကျောဘက်က စာမျက်နှာအလွတ်တွင် ရေးသားထားခြင်းဖြစ်ရာ ဝတ္ထုစာတည်းသည် ဝတ္ထုစာသားသို့ စိတ်ရောက်နေရာက စက္ကူကျောဘက်က 'ကုက္ကိုဝ'၊ 'စမ်းရေတွင်း' အစရှိသော မြေပုံထဲက ကျေးရွာနာမည်များကို စိတ်ရောက်၍ နေရလေသည်။

ထို့ကြောင့် မတတ်နိုင်ဆုံးသော အခြေအနေမျိုးမှလွဲ၍ ဝတ္ထုစာမူကို ရေးသားတော့မည်ဆိုပါလျှင် နှစ်ဖက်လွတ်သော စက္ကူတွင် တစ်ဖက်တည်းသာ မင်ဖြင့် ရေးသားသင့်ပေသည်။

## ဝတ္ထုရေးရန် မင်အရောင်

ဝတ္ထုရေးရာတွင် မင်အရောင်ကိုလည်း ဂရုစိုက်သင့်၏။ မည်သည့် မင်အရောင်မျိုးဖြင့်ပင် ရေးစေကာမူ ဝတ္ထုရေးတတ်လျှင် ဝတ္ထုဖြစ်နိုင်ပါ၏။ သို့သော် မင်နီ၊ မင်စိမ်း၊ မင်ပြာတို့နှင့် ရေးခြင်းသည် ဝတ္ထုလက်ရေးမူအဖြစ်ဖြင့် အမြင်တွင် ကြန့်မရလှ

mgyoe.com

mgyoe.com



ပေ။ ထို့ကြောင့် ဝတ္ထုရေးရန် အကောင်းဆုံး မင်ရောင်မှာ **နက်ပြာရောင်**သာ ဖြစ်၏။ ဤအချက်သည် အသေးအဖွဲ့ဟု ထင်ရ၏။ သို့သော် မင်နီဖြင့် စာမျက်နှာအပြည့် ရေးသားထားသော လက်ရေးမူ စာတစ်မျက်နှာကို ကြည့်လိုက်ပါက "စပ်ဖြဲဖြဲ" နိုင်၍ နေသည်ကို အလွယ်နှင့် တွေ့နိုင်ကြပေလိမ့်မည်။

ထို့ကြောင့် ဝတ္ထုရေးမည်ဆိုပါလျှင် နက်ပြာရောင်မင်တစ်မျိုးတည်းဖြင့်သာ ရေးနိုင်လျှင် အကောင်းဆုံးဖြစ်လေသည်။ ထို့ပြင် နက်ပြာရောင်မင်သည် အများဆုံး အသုံးပြုနေကြသော မင်အရောင်ဖြစ်သဖြင့် အလွယ်ကူဆုံး ဝယ်ယူ ရရှိနိုင်ပေလိမ့်မည် ဖြစ်ပေသည်။

## ဝတ္ထုရေးရန်နေရာ

ဝတ္ထုရေးလိုသူ ကလောင်သစ်များအတွက် အသံဗလံ ဆူညံခြင်းမရှိဘဲ တိတ်ဆိတ်သောနေရာ၊ အပူအအေးမျှတသော နေရာနှင့် စိတ်အနှောင့်အယှက် အကင်းရှင်းဆုံး နေရာသည် ဝတ္ထုရေးရန် အကောင်းဆုံးနေရာပင် ဖြစ်လေသည်။

အချို့သော ကလောင်ရှင်ကြီးများသည် ဆူညံနေသော ပုံနှိပ်စက်များ၏ အကြားတွင်ပင်ထိုင်ကာ ဝတ္ထုကောင်းများကို ရေးထုတ်နိုင်စွမ်းရှိကြသည်မှန်၏။ သို့သော် ဝတ္ထုကိုစ၍ ရေးခါစ ကလောင်ရှင်များ၏ အဖို့တွင်မူကား ဆူညံ၍နေသော နေရာသည် ဝတ္ထုရေးရန် ကောင်းသောနေရာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ အကြောင်းမှာမူကား ရေးနေသည့် ဝတ္ထုပေါ်တွင် စိတ်အာရုံကို စူးစိုက်၍ထားရန် ခဲယဉ်းတတ်သောကြောင့်ပင် ဖြစ်လေသည်။

mgyoe.com

mgyoe.com



## ဝတ္ထုရေးကိရိယာ

ယခုခေတ်သည် ကလောင်တံကို အသုံးနည်းသော ခေတ်ဖြစ်၏။ ဖောင်တိန်များကလည်း အတော်အသင့်ကလေးပင် အမျိုးအစားပေါများ၍နေ၏။ တန်ဖိုးသင့်တင့်သော ဖောင်တိန်များကို လွယ်ကူစွာ ဝယ်ယူနိုင်ကြလျက်ရှိ၏။

သို့ရာတွင် ဝတ္ထုရေးမည့်သူတစ်ဦး၏အဖို့တွင် "မိမိ၏လက်နှင့် အံကိုက်သော" ဖောင်တိန်တစ်ချောင်းရှိဖို့ လိုအပ်၏။ တတ်နိုင်က နှစ်ချောင်းဝယ်၍ ထားအပ်၏။

မိမိ၏လက်နှင့် အံကိုက်သော ဖောင်တိန်နှင့် ရေးသားမှသာလျှင် ဖောင်တိန်က ဒုက္ခမပေးဘဲ မိမိ၏ စိတ်ကူး အရှိန်ကောင်းသည်နှင့်အမျှ လက်ကလည်း လိုက်၍ ရေးနိုင်ပေလိမ့်မည်။ ဖောင်တိန်နှစ်သွားက ထစ်ငေါ့နေပါလျှင် စိတ်ကူးပျက်ရလေသည်။

တတ်နိုင်က ဖောင်တိန်နှစ်ချောင်း ထားခြင်းသည် မတော်တဆ ဖောင်တိန်တစ်ချောင်းကို အထားမှားခိုက်တွင် ဝတ္ထုရေးရန် စိတ်ကူးစိတ်သန်း ပေါ်ပေါက်လာပါက ချက်ချင်းကောက်၍ ကျန်ဖောင်တိန်တစ်ချောင်းဖြင့် အမိအရဖမ်းကာ ရေးသားနိုင်ရန်ပင် ဖြစ်လေသည်။ **"ဝတ္ထုရေးဆရာကြီး"**ဟူသောအနေဖြင့် ဖောင်တိန်နှစ်ချောင်းဆောင်၍ ထားခြင်းမဟုတ်ပေ၊ ဖောင်တိန် ၁၀ ချောင်းပင် ကိုင်ထားသော်လည်း ကိုယ်တိုင်က ကြိုးစားမှသာလျှင် ဝတ္ထုကိုရေးနိုင်ပေလိမ့်မည်။ အလားတူစွာပင်လျှင် ၁၀၀ ကျော်တန် ဖောင်တိန် အမျိုးကောင်း အဖိုးတန်ကြီးကို ဝယ်၍ ကိုင်စေကာမူ ကိုယ်တိုင်က ကြိုးစားမှသာ ဝတ္ထုကို ရေးနိုင်ပေလိမ့်မည်။

mgyoe.com

mgyoe.com



ကလောင်တံနှင့် ရေးခြင်းသည် မင်ကို တို့ကာတို့ကာ ရေးရသဖြင့် လက်ကြွက်သားများ အညောင်းပြေကာ လက်သက်သာပြီး ရေရှည်ရေးနိုင်သည်ဟု ယူဆသူများ ရှိကြပေသည်။ သို့သော် ကလောင်တံနှင့် မင်အိုးသည် နေရာတကာသို့ ကိုယ်နှင့်ထက်ကြပ်မကွာ ယူ၍သွားရန် မလွယ်ကူလှပေ။ ထို့ပြင် ကလောင်သွားများသည် ကြာရှည်ကြာများ အရေးမခံသည့်အပြင် ထိခိုက်ပျက်စီးရန်လည်း လွယ်ကူပေသည်။

ထို့ကြောင့် သင့်တင့်လျောက်ပတ်၍ မိမိလက်နှင့် အံကိုက်သော ဖောင်တိန်ကိုသာ လက်ကိုင်ထားသင့်ကြပေသည်။

## ဝတ္ထုကောင်းများကို အတုခိုးပါ

ဝတ္ထုရေးလိုသူ တစ်ဦးသည် အောင်မြင်ပြီး ဝတ္ထုရေးဆရာကလောင်ရှင်ကြီးများ၏ လက်ရာကောင်း ဝတ္ထုများကို ဖတ်နိုင်သမျှ ဖတ်ဖို့ အလိုဆုံးဖြစ်၏။ ဝတ္ထုများများမဖတ်ဘဲ ဝတ္ထုရေးတတ်လိမ့်မည်မဟုတ်ပေ။ ဝတ္ထုဆိုလျှင် ထမင်းမေ့ ဟင်းမေ့မတတ်ပင်လျှင် စွဲစွဲလမ်းလမ်း ဖတ်ရှုတတ်သော သူများသည်သာလျှင် များသောအားဖြင့် ဝတ္ထုရေးဆရာများဖြစ်၍ လာတတ်ကြပေသည်။ ဝတ္ထုများများဖတ်ရင်းက ကိုယ်တိုင်ဝတ္ထုရေးချင်၍လာတတ်၏။ ရေးချင်လာသော ဆန္ဒကြောင့်ပင်လျှင် စမ်း၍ရေးကြည့်တတ်၏။ သို့လက်တည့်စမ်းကာ ရေးသားရင်းကပင် တဖြည်းဖြည်း ရေးတတ်၍လာရလေသည်။

သို့ရေးရာတွင် မိမိအနှစ်သက်ဆုံး ဝတ္ထုရေးဆရာ ကလောင်ရှင်ကြီး တစ်ဦးတည်း၏ ရေးနည်းရေးဟန်များကိုလည်း အတုခိုးတတ်ကြ၏။

mgyoe.com

mgyoe.com



အချို့ကလောင်သစ်လွင်များကမူ အောင်မြင်ပြီး ကလောင်ရှင်ကြီး လေးငါးဦးတို့၏ လက်ရာများမှ ကြိုက်နှစ်သက်ရာ ရေးနည်း၊ ရေးဟန်များကို ရွေး၍ အတုယူတတ်ကြပေသည်။

မည်သည့်နည်းနှင့်ပင်ဖြစ်စေ အောင်မြင်ပြီးကလောင်ရှင်ကြီးများ၏ လက်ရာမွန်များအနက်မှ အတုယူသင့်သည်တို့ကို ရဲရဲဝံ့ဝံ့ပင်လျှင် အတုယူသင့်ကြပေသည်။ ဝတ္ထုရေးသားရာ၌ အတုယူခြင်းသည် မည်သည့်ဝတ္ထုရေးဆရာမှ မကင်းသော ကိစ္စဖြစ်၏။ မိမိ၏စိတ်နှင့်တွေ့သော အောင်မြင်ပြီး ဝတ္ထုရေးဆရာကြီးများ၏ လက်ရာများကို ဝတ္ထုဖတ်သည့် အနေမျိုးဖြင့် မဟုတ်ဘဲ အတုယူစရာ၊ နည်းမှီးစရာ စံနမူနာများအဖြစ်ဖြင့် ဝတ္ထုရေးလိုသူတိုင်း ဆရာတင်ကာ ဖတ်ရှုသင့်ပေသည်။

## ဝတ္ထုရဲရဲရေးပါ

အောင်မြင်ပြီး ဝတ္ထုရေးဆရာကြီးများ၏ အတွေးအခေါ်များကို လက်ခံခြင်းထက် ထိုအတွေးအခေါ်၊ အယူအဆပေါ်မှ တစ်ဆင့် ထပ်ဆင့်ဆပွားကာ ရဲရဲဝံ့ဝံ့ ရှေ့သို့တိုး၍ တွေးတောကြံစည်ကာ ဝတ္ထုဇာတ်လမ်း အသစ်တစ်မျိုးကို ကိုယ်ပိုင်အကွက်ဆင်၍ ကြည့်ခြင်းသည် ဝတ္ထုရေးလိုသူ ကလောင်သစ်တိုင်း၏ တာဝန်ပင် ဖြစ်လေသည်။

ယင်းသည့်တာဝန်ကို ရဲရင့်စွာ ထမ်းဆောင်ရန်မှာကား ဝတ္ထုရေးလိုသူတိုင်း၏ ပဓာနကြိုးပမ်းချက်ပင် ဖြစ်လေသည်။ ထိုတာဝန်မှ တွန့်ဆုတ်နေ၍ မရနိုင်ပေ။

အလွယ်ရေးရပါသော်– ဝတ္ထုရေးလိုသူ ကလောင်ရှင်တစ်ဦးသည် အချိန်ရတိုင်း ဝတ္ထုတိုရှည်များကို အမြဲတစေ ကြိုးစား

mgyoe.com

mgyoe.com



ပမ်းစား ရေးသား၍ နေဖို့ အလွန်တရာပင် လိုအပ်လှပေသည်။

ဝတ္ထုမရေးလျှင် ဝတ္ထုရေးဆရာမဖြစ်။ ကြိုးစားပမ်းစားရေးသားသော်မှ အလွယ်တကူဝတ္ထုရေးဆရာဖြစ်မလာနိုင်၊ သို့သော် တကယ်တမ်း ကြိုးစား၍ ရေးသားသူတစ်ဦး၏အဖို့တွင်ကား တဖြည်းဖြည်း သမ္မာရင့်၍လာကာ ဝတ္ထုရေးတတ်သူ ဝတ္ထုရေးဆရာတစ်ယောက်အဖြစ်သို့ ရောက်မှန်းမသိ ရောက်၍လာရမည်သာ ဖြစ်လေသည်။ တကယ်တမ်း ကြိုးစားရေးသားဖို့သာ လိုပေသည်။

အဘယ်ပုံ ကြိုးစား ရေးသားရပေမည်နည်း။

ဝတ္ထုရေးဆရာ တစ်ယောက်အဖြစ်ဖြင့် အောင်မြင် ပြောင်မြောက်နိုင်စေရန် နည်းလမ်းများကို ဤနေရာမှ စတင်ကာ ကျမ်းပြုသူက နှစ်ပေါင်း ၄၀ ကျော် ဆည်းပူးလေ့လာထားခဲ့ပြီး ယခုလည်း ဆက်လက်ဆည်းပူးလေ့လာနေရဆဲဖြစ်သော ဝတ္ထုရေးနည်း ပညာရပ်များနှင့် မိမိကိုယ်တိုင် ဝတ္ထုရေးဆရာတစ်ယောက်အဖြစ်ဖြင့် ရပ်တည်နိုင်စေခဲ့သော ဆင့်ပွားဝတ္ထုရေးနည်းပညာရပ်များကိုပါ စာရှုသူအား လက်တွဲ ကူညီ ခေါ်ဆောင်လိုသော စေတနာဖြင့် စုံလင်စွာ ဖောက်သည် ချလိုက်ရပေသည်။

စာရေးသူ

mgyoe.com

mgyoe.com

## ဝတ္ထုရေးလိုလျှင် ဝတ္ထုဖတ်ပါ

ဝတ္ထုရေးလိုလျှင် ဝတ္ထုဖတ်ရ၏။ ဝတ္ထုမဖတ်ဘဲနှင့် ဝတ္ထုမရေးနိုင်ပေ။

စင်စစ်တွင် ဝတ္ထုရေးချင်သော ဆန္ဒသည် အခြားသောသူများ ရေးသားသည့် ဝတ္ထုများကို ဖတ်ရင်းဖတ်ရင်းက အားကျကာ ဖြစ်ပေါ်လာသောဆန္ဒဖြစ်၏။ ဝတ္ထုများများဖတ်လေလေ ဝတ္ထုရေးချင်သော ဆန္ဒက ပို၍ ပွားများလာလေလေဖြစ်၏။

ထိုကဲ့သို့ ဝတ္ထုရေးချင်သော ဆန္ဒဖြစ်ပွားလာရခြင်းမှာ အကြောင်းနှစ်ကြောင်းတို့ကြောင့်ဖြစ်၏။

တစ်ကြောင်းမှာကား... ဝတ္ထု ဖတ်သူတစ်ယောက်သည် ဝတ္ထုကောင်းတစ်ပုဒ်ကို ဖတ်ရသောအခါတွင် စိတ်၌ အရသာတွေ့၏။ ထိုအရသာမှာကား ကြည်နူးခြင်း၊ သာယာခြင်း၊ အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ မချင့်မရဲဖြစ်ခြင်း၊ ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်း စသော အရသာတစ်ခုခု ဖြစ်နိုင်လေသည်။

ဝတ္ထုတစ်ပုဒ်ကို ဖတ်ခြင်းအားဖြင့် ဝတ္ထုအရသာ တစ်ခုခုကိုတွေ့ရှိခံစားရသောအခါ ဝတ္ထုများကို ဆက်လက်၍ ဖတ်ပြန်၏။ ထိုအခါ၌ ဝတ္ထု၏ အရသာကို ဆက်၍ဆက်၍ ခံစားရပြန်၏။ ဝတ္ထုအရသာကို

mgyoe.com

mgyoe.com


ခံစားရဖန် များ၍လာသောအခါ ထိုအရသာကို စွဲမက်လာ၏။ သို့စွဲမက်လာသဖြင့်ပင်လည်း ဆက်လက်၍ ဝတ္ထုများကို ဖတ်ပြန်လေသည်။ ထိုအခါ၌ ဖတ်လိုက် စွဲလိုက်၊ စွဲလိုက် ဖတ်လိုက်နှင့် ဝတ္ထုမဖတ်ရလျှင် မနေနိုင်ဖြစ်လာ၏။ ယင်းသည်ကား "စာဖတ်ကျင့်"၏ အစဖြစ်လေသည်။

ဝတ္ထုကိုစွဲသည်ထက် စွဲ၍လာသောအခါ အရသာတွေ့၏။ အရသာ တွေ့လာသောအခါ ထိုအရသာမျိုးကို ကိုယ်တိုင် ဖန်တီးချင်လာ၏။

တစ်နည်းဆိုရသော်... ဝတ္ထုကောင်းတစ်ပုဒ်ကို ဖတ်၍ ပြီးသောအခါ၌ ထိုဝတ္ထု၏ အရသာကို ခံစားရင်းက ထိုအရသာမျိုးကို ကိုယ်တိုင်ကိုယ်ကျ ဖန်တီးချင်လာ၏၊ အားကျစိတ် ပေါ်ပေါက်လာ၏။

အားကျစိတ် ဖြစ်ပေါ်လာသောအခါ၌ မိမိကိုယ်တိုင် ဝတ္ထုရေးကြည့်ချင်လာ၏။ "ငါကိုယ်တိုင်လည်း ကြိုးစားပြီး ရေးကြည့်ရင် ဒီလိုဝတ္ထုမျိုးကို ရေးနိုင်မှာပဲ၊ ရေးတတ်မှာပဲ" ဟူသော စိတ်အကြံက ဖြစ်ပေါ်လာ၏။ ကိုယ်တိုင် ဝတ္ထုရေးနိုင်လိမ့်မည်ဟူသော ယုံကြည်စိတ်က စတင်၍ သန္ဓေတည်လာ၏။

ဝတ္ထုတစ်ပုဒ်ကို စွဲလမ်းစွာဖတ်ရသောအခါ၌ နှစ်ခြိုက်မှုအရသာကို ခံစားရကာ ထိုဝတ္ထုကပင်လျှင် စာဖတ်သူ၏ ကိုယ်တိုင်ဝတ္ထုရေးလိုက်ချင်သော စိတ်ကို တစ်နည်းမဟုတ်၊ တစ်နည်းအားဖြင့် အိပ်ပျော်နေရာက နိုးကြွလာအောင် နှိုးဆွ၍ပေးတတ်လေသည်။

ဒုတိယအကြောင်းမှာကား... စာဖတ်သူတစ်ယောက်သည် ဝတ္ထုတစ်ပုဒ်ကို ကောက်ယူဖတ်ရှု၏။ သို့ကောက်ယူဖတ်ကြည့်မိသော ဝတ္ထုမှာ သူ၏အဖို့၌ ဖတ်၍မကောင်းသော ဝတ္ထုတစ်ပုဒ်ဖြစ်နေ၏။ ထိုသို့ သူ့အဖို့ ဖတ်၍မကောင်းသော ဝတ္ထုတစ်ပုဒ်ကို ဖတ်ရသောအခါ ဝတ္ထုဖတ်သူ၏ စိတ်ထဲ၌ သူဖတ်နေရသော ဝတ္ထု၏အပေါ်တွင် မကျေမနပ်

mgyoe.com

mgyoe.com


ဖြစ်လာ၏။ သို့မကျေမနပ်ဖြစ်ရာ၌ ဝတ္ထုစပုံကို မကြိုက်ဘဲ ရှိချင်ရှိမည်၊ ဝတ္ထုအလယ်ပိုင်းကို သဘောမတွေ့ဘဲ နေချင်နေမည်၊ သို့တည်းမဟုတ် ဝတ္ထု၏ အဆုံးသတ်ပုံကို မကျေနပ်နိုင်ဘဲ ရှိချင်လျှင် ရှိ၍ နေပေလိမ့်မည်။

ထိုအခါမျိုး၌ ဝတ္ထုဖတ်သူ၏ စိတ်ထဲတွင် "တကယ်လို့များသာ ငါကိုယ်တိုင် ဒီဇာတ်ကွက်ကိုပဲ ဒီဝတ္ထုမျိုးရေးရရင် ဘယ်လိုအစချီလိုက်မှာပဲ၊ ဘယ်လိုဇာတ်ကွက်ကို လှည့်လိုက်မှာကပဲ၊ ဘယ်လိုဇာတ်သိမ်းပြီးတော့ ဘယ်လိုဇာတ်ပေါင်းပေးလိုက်မှာကပဲ" စသဖြင့် မချင့်မရဲ မကျေမနပ် တွေးတော၍ လာတတ်၏။ အားမလို အားမရဖြစ်၍ လာတတ်၏။

ယင်းသို့သော စိတ်ဖြစ်ပေါ်လာခြင်းကလည်း မိမိကိုယ်တိုင်ထ၍ ဝတ္ထုရေးပစ်လိုက်ချင်သော ဆန္ဒကို လှုံ့ဆော် နှိုးဆွလာတတ်လေသည်။

သို့ဖြစ်၍ ဝတ္ထုရေးလိုသောဆန္ဒ ဖြစ်ပေါ်လာရသော အကြောင်း နှစ်ရပ်တို့မှာ...

၁။ မိမိအကြိုက်တွေ့သော စာရေးဆရာ၏ ဝတ္ထုကို ဖတ်ရှုရင်းက အားကျလာကာ အလားတူစွာ ကိုယ်တိုင် ဝတ္ထုရေးလိုခြင်းနှင့်

၂။ မိမိသဘောမတွေ့သော ဝတ္ထုကို မချင့်မရဲနှင့် မကျေမနပ်နိုင်ဖြစ်ရသဖြင့် မိမိကိုယ်တိုင် ကလောင်ကိုင်ပြီး ထ၍ ကြံလိုက်ချင်သော ဆန္ဒစိတ်ဖြစ်ပေါ်ခြင်းတို့ပင် ဖြစ်ရလေသည်။

မည်သို့ပင်ဖြစ်စေ... ဝတ္ထုတစ်ပုဒ်ကို ဖတ်ရင်းက ကျေနပ်သောကြောင့်ပင်ဖြစ်ဖြစ်၊ မကျေနပ်ဘဲ အားမလိုအားမရ ရှိလှသောကြောင့်ပင် ဖြစ်ဖြစ် ဤကဲ့သို့ စိတ်ထဲ၌တစ်ခုခုကို ခံစားရပြီဆိုလျှင်ပင် ဝတ္ထုရေးလိုသည့် ဆန္ဒသည် ကိန်းအောင်းတည်ရှိလာပြီဖြစ်သည်ဟု ဆိုနိုင်လေသည်။

**ထို့ကြောင့်... ဝတ္ထုရေးလိုလျှင် ဝတ္ထုများများဖတ်ပါလေ...**

mgyoe.com

mgyoe.com


ဝတ္ထုများများဖတ်လေလေ မိမိကြိုက်နှစ်သက်သော ဝတ္ထုများကို များများတွေ့လေလေဖြစ်၏။ ထိုနည်းတူစွာပင် ဝတ္ထုများများဖတ်လေလေ မိမိမကြိုက်သော ဝတ္ထုများကိုလည်း များများတွေ့လေလေ ဖြစ်၏။

မိမိကြိုက်နှစ်သက်သော ဝတ္ထုများကို များများဖတ်လေလေ ထိုဝတ္ထုမျိုးတို့ကို မိမိကိုယ်တိုင်ရေးချင်သော ဆန္ဒက များပြားလာလေလေဖြစ်၏။ တတ်နိုင်ပါလျှင် မိမိဖတ်၍ ကြိုက်နှစ်သက်သော ဝတ္ထုများထက်ပင် ပို၍ ဖတ်ကောင်းသော ဝတ္ထုမျိုးကို မိမိကိုယ်တိုင်ရေးသားလိုက်ချင်ပေသေးသည်။

မိမိ မကြိုက်မနှစ်သက်သော ဝတ္ထုများကို ဖတ်မိပြန်သောအခါတွင်လည်း "ဒီဝတ္ထုက မကောင်းဘူး... ငါကိုယ်တိုင်သာ ရေးရမယ်ဆိုရင် ဟောဒီလို၊ ဟောဒီလို ရေးလိုက်မှာပဲ" စသည်ဖြင့် ဖတ်လက်စဝတ္ထုကို စိတ်ထဲက အားမလိုအားမရဖြစ်တိုင်း ကိုယ်ကိုယ်တိုင် ဝတ္ထုတစ်ပုဒ်ကို ထ၍ရေးလိုက်ချင်သော ဆန္ဒက ဖြစ်ပေါ်၍ လာတတ်ပြန်လေသည်။

သို့ဖြစ်လေရာ ဝတ္ထုများများ ဖတ်၍လာမိသောအခါ၌ ဝတ္ထုရေးချင်သော ဆန္ဒသည် မိမိကြိုက်သော ဝတ္ထုကို ဖတ်ရလျှင်လည်း အားကျစိတ်ကို အရင်းတည်ကာ ဖြစ်ပေါ်၍လာရ၏။ မိမိမကြိုက်သောဝတ္ထုကို ဖတ်ရပြန်ပါလျှင်လည်း မကျေမနပ်သော စိတ်ကို အရင်းတည်ကာ ဝတ္ထုရေးချင်သောဆန္ဒ ဖြစ်ပေါ်လာရပြန်လေသည်။

ထို့ကြောင့် ဝတ္ထုရေးချင်လျှင် ဝတ္ထုကို များများဖတ်၍ပေးပါ...။

ကြိုက်သောဝတ္ထုပင်ဖြစ်စေ၊ မကြိုက်သော ဝတ္ထုပင်ဖြစ်စေ၊ မည်သည့်ဝတ္ထုကိုပင်ဖြစ်စေ လက်လှမ်းမီရာ ဝတ္ထုမှန်သမျှတို့ကို ဖတ်ပါလေ။ ထိုအခါ၌ ဝတ္ထုရေးချင်သော ဆန္ဒက ပို၍ပို၍သာ ပွားများထက်သန်၍လာရပေလိမ့်မည်။

ဤသို့ ဝတ္ထုရေးချင်သော ဆန္ဒ ထက်သန်သည်ထက် ထက်သန်

mgyoe.com

mgyoe.com


ရှုလာသောအခါတွင် အကြင်သူ တစ်ဦးတစ်ယောက်သည် ငြိမ်၍ထိုင်မနေနိုင်တော့ချေ။ မိမိကိုယ်တိုင်ပင် ဝတ္ထုရေးတော့မည်ဟု ဆုံးဖြတ်၏။ စက္ကူကို ယူ၏၊ ကလောင်ကို ကိုင်၏၊ စားပွဲ၌ ထိုင်၏။

✦

mgyoe.com

mgyoe.com

# ဝတ္ထုကို မည်သို့ စရမည်နည်း

စားပွဲ၌ကား ထိုင်မိပေပြီ...။

သို့သော် ဖောင်တိန်ကို အဖုံးဖွင့်၍ အဆင်သင့်ကိုင်ကာ ဘာစာတစ်လုံးမျှ မရှိသေးသော စက္ကူဖြူဖြူစာရွက်၏ မျက်နှာပြင်ကို ကြည့်လိုက်ပြီးသောအခါ၌ "ဘာကစပြီး ရေးရပါ့" ဟူသော မေးခွန်းက ခေါင်းထဲသို့ ဝင်လာလေတော့သည်။ ထိုအခါ၌ ဝတ္ထုကို ချက်ချင်းစ၍ မရေးနိုင်သေးဘဲ ဝတ္ထုရေးရန် တုံ့ဆိုင်းဆိုင်းဖြစ်၍ သွားရတတ်လေသည်။

ထိုအဖြစ်မျိုးသည်ကား ဝတ္ထုရေးရန် စတင်၍ ကြိုးစားစလူတစ်ယောက်မှာသာလျှင် တွေ့ကြုံရသော အဖြစ်မျိုးမဟုတ်၊ ဤ"ဝတ္ထုရေးနည်း"ကို ယခုရေးသားပြုစုနေသော စာရေးသူကိုယ်တိုင် မကြာခဏပင် တွေ့ကြုံနေရသော အတွေ့အကြုံမျိုး ဖြစ်လေသည်။ စာရေးရန် ရတတ်တရက် **"လမိုင်းမကပ်ခြင်း"** ပင် ဖြစ်၏။

စာရေးသူသည် စာရေးဆရာတစ်ယောက်အဖြစ်ဖြင့် စာပေလောကထဲ၌ ကျင်လည်၍လာခဲ့သည်မှာ နှစ်ပေါင်း ၄၀ ခန့်ရှိပြီဖြစ်၏။ သို့စဉ်လျက်နှင့် ဝတ္ထုတစ်ပုဒ်ရေးတော့မည်ဟု အကြံပြုကာ စာရေးစားပွဲ၌ဝင်၍ ထိုင်လိုက်ပြီဆိုပါလျှင် ချက်ချင်း၌ ခေါင်းထဲတွင် ဗလာဟင်းလင်း

mgyoe.com

mgyoe.com


ဖြစ်နေလျက် ဘာကစ၍ရေးရမှန်း မသိအောင် အခါပေါင်းများစွာ ဖြစ်၍ နေခဲ့ရဖူး၏။ ထိုအဖြစ်ကို ထပ်တလဲလဲ ကြုံခဲ့ဖူး၏။ ယခုလည်း ကြုံရဆဲဖြစ်၏။ ထိုအဖြစ်မျိုးသည် စာရေးဆရာတိုင်း၏အဖို့တွင် ထူးဆန်းသည်ကား မဟုတ်တော့ချေ...။

"စာရေးပါတော့မည်"ဟု ဆုံးဖြတ်ကာ စာရေးစားပွဲ၌ ထိုင်လိုက်ပြီဆိုကာမှ ဘာစာတစ်လုံးမျှ ဦးနှောက်က ထွက်မလာဘဲ လက်ကလည်း ဘာစာတစ်လုံးမျှ ရေးမချနိုင်ဘဲ ခေတ္တမျှဖြစ်စေ ခပ်တွေတွေ ဖြစ်ရခြင်းသည် အဆန်းမဟုတ်၊ စင်စစ်တွင်မူကား "ထိုးမည့်ဆင် နောက်သို့ဆုတ်သည်"ဟူသော မြန်မာတို့၏ ဆိုရိုးစကားအရ ရေးသားရတော့မည့် ဝတ္ထုအတွက် စိတ်အားအရှိန်ကို ယူနေခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် ဝတ္ထုရေးလိုသူများအဖို့၌ စားပွဲတွင်ထိုင် ကလောင်ကိုကိုင်ပြီး စတိုင်ကျကျ စက္ကူချပ်ဖြူလွလွကို မြင်ရသောအခါ ဘာကစ၍ ရေးရမှန်းမသိ ဖြစ်၍နေရတတ်ခြင်းသည် စိတ်အားပျက်ဖွယ်မဟုတ်၊ စိတ်အားတက်ဖွယ်သာဖြစ်၏။ အကြောင်းမှာမူ ယင်းကဲ့သို့ ခေတ္တခဏ တဒင်္ဂအားဖြင့် တုံ့ဆိုင်း၍ နေရခြင်းသည် ဝတ္ထုရေးချင်သော စိတ်က ရေးချလိုက်ချင်သော ဓာတ်အစကို လှုလှုပပဖြစ်စေရန် ကြံဆကာ အားအရှိန်ယူနေခြင်းကြောင့်ပင် ဖြစ်လေသည်။ အပြေးသမားတစ်ယောက်သည် သေနတ်ဖောက်၍ တာလွှတ်အံ့ဆဲဆဲတွင် တာထွက်ရန် ကိုယ်နေကိုယ်ထားကို အသင့်ပြင်လျက် ကိုယ်ကို ယို့၍ စောင့်စားသော အခိုက်အတန့်ကလေးနှင့်လည်းတူ၏။ အမြင့်ခုန်သမားတစ်ဦးသည် အမြင့်ခုန်ရန် ဘားတန်းကို တင်ပေးထားပြီးသောအခါ၌ ထိုတန်းကို လွတ်ကျွတ်အောင် ခုန်လွှားရန် နောက်နားသို့ ခြေသုံးလေးလှမ်းပြန်၍ဆုတ်ကာ အားအရှိန်ယူခြင်းမျိုးနှင့်လည်း တူလှလေသည်။

ထို့ကြောင့် စာရေးရန်အားလုံးအဆင်သင့်ဖြစ်ကာမှ ဘာကစရမည်

mgyoe.com

mgyoe.com


မှန်းမသိဘဲ ခဏမျှပင်ဖြစ်စေ တုံ့ဆိုင်း၍နေမိခြင်းသည် သဘာဝအတိုင်းသာလျှင်ဖြစ်၏။ ထိုအချက်ကို ဝတ္ထုရေးဖူးသူတိုင်း သိကြ၏။ သို့ဖြစ်၍ ရုတ်တရက် ကောက်ကာငင်ကာ ချက်ချင်း မရေးသားနိုင်သေးခြင်းအတွက် စိတ်ပျက်စရာမလို။ ကလောင်ကို ပြန်၍ချကာ "ဖြစ်မှဖြစ်ပါ့မလား" ဟု ယုံမှားသံသယရှိနေစရာမလို၊ ဝတ္ထုကို ဘယ်လိုစမလဲဟု စိတ်ထဲက ကြံဆကာ ဝတ္ထု၏အစကို ရေးချလိုက်ရန်သာ လိုလေသည်။

✦

mgyoe.com

mgyoe.com

## ဝတ္ထု၏အစ ခေါင်းစီးက

ဝတ္ထုရေးတော့မည်ဟုဆိုပါလျှင် ဝတ္ထုအမည်ကို စတင်၍ စဉ်းစားရ၏။ သို့စဉ်းစားရာ၌ မိမိရေးသားရန် စိတ်ထဲကစီစဉ်ထားသော အကြောင်းအရာများပေါ်၌ အခြေတည်ကာ စဉ်းစားရလေသည်။ ဟာသဝတ္ထုတစ်ပုဒ်ကို ရေးသားရန် စီစဉ်စိတ်ကူးထားပါက ဝတ္ထုခေါင်းစီးနာမည်သည် "သည်းကြွေလုဖွယ်" ဟူ၍ မဖြစ်နိုင်တော့ပေ။ အသည်းကွဲ အလွမ်းအဆွေး ဝတ္ထုတစ်ပုဒ်ကို ရေးသားရန် စီစဉ်ထားပါကလည်း ဝတ္ထုခေါင်းစီး (ဝါ) ဝတ္ထု၏အမည်မှာ "ထူးဆန်းသော ကျောက်တုံးကြီး" ဟူ၍လည်းကောင်း "ကျွန်ုပ်၏ စွန့်စားခန်း" ဟူ၍လည်းကောင်း မဖြစ်နိုင်တော့ချေ...။

ဝတ္ထုခေါင်းစီး (ဝါ) ဝတ္ထုနာမည်သည် မိမိရေးသားမည့် ဝတ္ထုဇာတ်လမ်းနှင့် ဆီလျော်ရပေသည်။

သို့သော် ဤနေရာတွင် မှတ်ရန် အချက်တစ်ချက်ရှိ၏။ ယင်းသည့်အချက်မှာကား (ဝတ္ထုနာမည် (ဝါ) ဝတ္ထုခေါင်းစီးသည် ရေးတော့မည့် ဝတ္ထုဇာတ်သွားကို မည်သည့်အခါမျှ ဘွားဘွားကြီးပေါ်၍ မနေစေရ) ဟူသော အချက်ပင် ဖြစ်လေသည်။

mgyoe.com

mgyoe.com


ဝတ္ထုခေါင်းစီး (ဝါ) ဝတ္ထုနာမည်သည် ဝတ္ထုဇာတ်သွား၊ ဝတ္ထုဇာတ်ကြောင်းပေါ်၌ အခြေတည်ကာ မှည့်ခေါ်ရသောအမည်ခေါင်းစီးဖြစ်သည်ကား မှန်၏။ သို့သော် ဝတ္ထုခေါင်းစီးကို တပ်ရာတွင် (ဝါ) ဝတ္ထုကို အမည်ပေးရာတွင် ဘွင်းဘွင်းရှင်းရှင်းနှင့် တဲ့တိုးကြီး အမည်တပ်၍လည်း မကောင်း၊ ဝတ္ထုဖတ်သူ နားမလည်လောက်အောင် လျှို့ဝှက်လွန်းသော နာမည်ဖြစ်၍နေလျှင်လည်း မကောင်းပေ။

တစ်နည်းဆိုရသော် ဝတ္ထုနာမည်သည် ရိုးတာလွန်းလျှင်လည်း မကောင်း၊ ဆန်းပြားလွန်းလျှင်လည်း မကောင်းပေ။

ဝတ္ထုခေါင်းစီး (ဝါ) ဝတ္ထုနာမည်သည် မြင်လိုက်ရကာမျှနှင့်ပင် ဝတ္ထုကို ဖတ်ချင်လာအောင် ဝတ္ထုဖတ်သူ၏ စာဖတ်ချင်စိတ်ကို နှိုးဆွပေးနိုင်စေရပေမည်။

**တစ်မျိုးဆိုရလျှင် ဝတ္ထုခေါင်းစီး (ဝါ) ဝတ္ထုအမည်၌ (ဝှက်ဖော်) သဘောမျိုး ပါဝင်အောင် မှည့်ခေါ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်ဟု ဆိုရပေမည်။**

ဥပမာအားဖြင့် မိန်းမပျိုကလေးတစ်ဦး ဒုက္ခရောက်ရပုံ ဇာတ်လမ်းပါသော ဝတ္ထုကို "မမလေး၏ ကံကြမ္မာဆိုး" ဟု အမည်ပေးပါက ဇာတ်ကြောင်းသည် ဘွားဘွားကြီး ကြိုတင်၍ ပေါ်လွင်နေပေလိမ့်မည်။ "မမလေး၏အကြောင်း" ဟု ခေါင်းစီးတပ်လျှင်လည်း ငုံးတိတိ ရိုးတာလွန်း၍ နေပေလိမ့်မည်။ "မမလေးကို ဘယ်သူကကယ်ပါ့မယ်" ဟု ခေါင်းစီးတပ်လျှင်ကား စုံထောက်ဝတ္ထုဆန်ဆန် ဖြစ်သွားပေဦးမည်။ အကယ်၍များ ထိုဝတ္ထုသွားထဲတွင် မိန်းမပျို၏ ဘဝသည် အကုသိုလ်ကံနှိပ်စက်၍ ပူပြင်းဆင်းရဲလှသည့်အကြောင်းကို အစွဲပြုကာ ပူပြင်းသောနေမင်းကို တင်စား၍ "ရဝိန် ဒေါင်းယာဉ်ပျံ" ဟု မှည့်ခေါ်ပြန်ပါလျှင် မူကား ရယ်ဖွယ်သာလျှင် ဖြစ်၍နေပေလိမ့်မည်။ ထိုဝတ္ထုကိုပင်...

mgyoe.com

mgyoe.com



"ပျိုကညာ" ဟု အမည်ပေးပါက စာဖတ်သူ စိတ်ဝင်စားတော့မည် မဟုတ်ချေ။

ဤနေရာတွင် ဝတ္ထုရေးလိုသူ အထူးသတိထားရမည်မှာကား **ဝတ္ထုအမည်သည် ဝတ္ထုဇာတ်ကြောင်းကို အရိပ်နိမိတ်မျှ ဖော်ပြနိုင်စွမ်းရှိစေရမည်။ သို့သော်လည်း ဘွားဘွားကြီး ပေါ်၍မနေစေရ** ဟူသော အချက်ပင်ဖြစ်လေသည်။ ဝတ္ထုတစ်ပုဒ်ကို များလှစွာသော အမည်များအနက်မှ အဆီလျော်ဆုံးအမည်ကို ရွေးချယ်၍ ပေးနိုင်လေရာ ယေဘုယျသဘောအားဖြင့် ဝှက်လည်းဝှက်၍ ဖော်လည်းဖော်သော အမည်မျိုးသည် အကောင်းဆုံး ဖြစ်လေ့ရှိပေသည်။

ထို့ကြောင့် ဝတ္ထုကို နာမည်ပေးတော့မည်ဆိုပါလျှင် ဝတ္ထုဇာတ်လမ်းတစ်ခုလုံးကို ခြုံ၍ ငုံ၍ စဉ်းစားပြီးမှ ပေးသင့်လေသည်။ "ဝှက်–ဖော်" နာမည်မျိုးသာ ဖြစ်သင့်ကြောင်းကို ထပ်လောင်း၍ အကြံပေးချင်၏။ ဝတ္ထုအမည်ပေးရာ၌ တစ်ဖက်စွန်းသို့ ရောက်လွန်းအားကြီး၍ နေပါလျှင် လက်သင်ဝတ္ထုရေးသူများအတွက် မကောင်းလှပေ။

နောက်တစ်ချက် မှတ်ရန်မှာကား ဝါရင့်ပြီး ကလောင်ရှင်ကြီးများ၏ ဝတ္ထုနာမည်ပေးပုံများကို ပုံတူကူး၍မချရန်ပင် ဖြစ်လေသည်။

ဥပမာအားဖြင့် ဆရာကြီး ပီမိုးနင်းသည် "နေရီရီ" အမည်ရှိသော ဝတ္ထုတစ်ပုဒ်ကို ရေးခဲ့၏။ ဇာတ်ကြောင်းမှာကား ညနေပိုင်းသက်သက်နှင့် မဆိုင်ချေ။ နေဝင်ချိန်နှင့်လည်း မသက်ဆိုင်ချေ။ သို့သော် ဆရာကြီး ပီမိုးနင်း၏ ထို "နေရီရီ" ဝတ္ထုထဲတွင် ဇာတ်လိုက်မင်းသားနှင့် မင်းသမီးတို့၏ အမည်များမှာ မောင်နေဝင်းနှင့် ရီရီတို့ဖြစ်ကြ၏။ ထို့ကြောင့် "နေရီရီ" ဟု ခပ်လွယ်လွယ်ပင် ဝတ္ထုအမည်ပေးလိုက်ခြင်း ဖြစ်လေသည်။ ဤအခွင့်အရေးမျိုးမှာ ဝါရင့်ပြီး ကလောင်ရှင်ကြီးများ၏ အခွင့်အရေးသာလျှင် ဖြစ်၏။ ဝတ္ထုရေးစနှင့် အရေးသင်စ ကလောင်ရှင်

mgyoe.com

mgyoe.com



များ လောလောဆယ်တွင်မူ အတုမယူသင့်သေးပေ...။

တစ်ဖန်... ဆရာကြီး ပီမိုးနင်းသည် "ချစ်သွေးရောင်" ဝတ္ထုလုံးချင်းကို ၁၉၃၄ ခုနှစ်ဆီက ရေးသားခဲ့၏။ တစ်ဇာတ်လုံးပင် "ချစ်သွေးရောင်"နှင့် သက်ဆိုင်သော ဇာတ်ကွက်ကို ရှာ၍ မရခဲ့ပေ။ နောက်ဆုံးစာပိုဒ်ကျကာမှ "သွေးစွန်း" သော ရှပ်အင်္ကျီကို အကြောင်းပြုကာ "ချစ်သွေးရောင်" ဟု အမည်ပေးခဲ့လေသည်။ ယင်းသည်မှာလည်း ဝါရင့်ပြီး ကလောင်ရှင်ကြီးများ၏ "လိုင်စင်" ခေါ် အခွင့်အရေးသာဖြစ်၏။ ဝတ္ထုရေးသင်စ ပုဂ္ဂိုလ်များအတွက်မူကား ဝတ္ထုစ၍ ရေးစ အချိန်ပိုင်းတွင် ထိုအခွင့်အရေးမျိုးကို ယူ၍ မရနိုင်သေးပေ။

ဝါရင့်ပြီး ကလောင်ရှင်ကြီးများသည် ဝတ္ထုတစ်ပုဒ် ရေးတော့မည်ဆိုလျှင် ထိုဝတ္ထုကို အမည်ပေးရာ၌ နည်း နှစ်နည်းကို သုံးလေ့ရှိကြပေသည်။

ပထမနည်းမှာကား... စိတ်ကူးတည့်ရာ ဝတ္ထုနာမည်တစ်ခုကို ရွေး၏။ ပြီးမှ ထိုအမည်နှင့် သင့်လျော်မည့် ဇာတ်အိမ်ကို ရှာကြံ၍ဖွဲ့ကာ ဝတ္ထုကို ရေးလေသည်။

ဒုတိယနည်းမှာကား... ဝတ္ထုကို ပြီးစီးအောင် ရေးချလိုက်၏။ (သို့တည်းမဟုတ် ဇာတ်ကွက်စေ့အောင် စဉ်းစားကာ ဇာတ်အိမ်ကို စိတ်ထဲ၌ ဆင်လိုက်၏)ပြီးမှ ဇာတ်ကြောင်း ဇာတ်လမ်းတစ်ခုလုံးကို ခြုံငုံမိသော ဝတ္ထုနာမည်ကို ပေးလေသည်။

ဝတ္ထုအရေးသင်စ ပုဂ္ဂိုလ်များအတွက် ပထမနည်းသည် ခဲယဉ်းသောနည်းဖြစ်၏။ ကလောင်ဝါ အတော်ရင့်ကျက်၍ လာသောအခါကျမှသာလျှင် ဤပထမနည်းကို ကျင်လည်စွာ အသုံးချနိုင်ပေလိမ့်မည်။

ဒုတိယနည်းမှာကား... ဝတ္ထုရေးသင်စ ပုဂ္ဂိုလ်များအတွက် လျော်ကန်သော နည်းဖြစ်၏။ ထိုနည်းကို စာရေးသက် နုနယ်ခိုက်တွင် အများ

mgyoe.com

mgyoe.com



ဆုံး အသုံးပြုသင့်ပေသည်။ သတိထားရမည်မှာကား အထက်၌ ဆိုခဲ့သော “ဝှက်–ဖော်” စနစ်ဖြင့် ဝတ္ထုကို နာမည်ပေးခြင်းဖြစ်၏။

ဝတ္ထုနာမည်သည် ဇာတ်ကြောင်းကို ဝှက်လည်း မဝှက်လွန်းစေရ။ ဖော်လည်း မဖော်လွန်းစေရပေ။ ဇာတ်လမ်းတစ်ခုလုံးကို ခြုံငုံမိသော စိတ်ဝင်စားဖွယ်ရာ အမည်မျိုးသာ ဖြစ်သင့်ပေသည်။ ဆန်းလွန်းလျှင်လည်းမကောင်း၊ ရိုးတာလွန်းလျှင်လည်းမကောင်း၊ ဝတ္ထုနာမည်သည် ဝတ္ထုကိုဖတ်ရန် ဖိတ်ခေါ်တိုက်တွန်း လှုံ့ဆော်ပေးနေသော အမည်မျိုးသာ ဖြစ်လေသည်။

✦

mgyoe.com

mgyoe.com

## ဝတ္ထုဇာတ်လမ်း အစအဆုံး သိနှင့်ရမည်

ဝတ္ထုကို စ၍ရေးသောအခါ ရေးမည်ဟု ဟန်ပြင်လိုက်ကတည်းကပင်လျှင် ဝတ္ထုရေးလိုသောသူ၏ ရင်ထဲ၌ ဝတ္ထုဖြစ်၍လာမည့် ဇာတ်လမ်းသည် အစအဆုံးရှိနှင့်၍ နေရ၏။ ဤကား ဝတ္ထုရေးစ ကလောင်ရှင်များအတွက် အလွန်အရေးကြီးသော အချက်ဖြစ်လေသည်။

ဝါရင့်ပြီးကလောင်ရှင်ကြီးများသည် ဝတ္ထုအမည်တစ်ခုခုကို ရေးချလိုက်ပြီးနောက် ထိုအမည်နှင့် လိုက်လျောညီထွေရှိသော ဇာတ်လမ်းကို ရေးသွားရင်းက ဆင်၍ ယူတတ်ကြသည်။ ယူနိုင်စွမ်းရှိကြ၏။ ဝတ္ထုရေးသင်စ ပုဂ္ဂိုလ်များအဖို့တွင်ကား ထိုအစွမ်းမျိုး ချက်ချင်းရှိနိုင်ဦးမည် မဟုတ်ချေ။

ဝတ္ထုအမည်ကို လက်ဦးဆုံး ရေးချပြီးနောက် ဝတ္ထုအမည်နှင့် လိုက်လျောသော ဇာတ်ကွက်ဇာတ်အိမ်ကို ဖန်တီးယူခြင်းသည် ဝတ္ထုရေးခြင်း အတတ်ပညာ၌ သမ္မာရင့်ပြီးဖြစ်သော ဝါရင့်ကလောင်ကြီးများအတွက်သာ ဖြစ်၏။ သို့သော်... ဝါရင့်ကလောင်ရှင်ကြီးများ၏ အဖို့တွင်ပင်လျှင် ဝတ္ထုနာမည်တစ်ခု ခေါင်းထဲ၌ ပေါ်ပေါက်လာစေသော အကြောင်းရင်းများသည် ရေးဦးမဆွကပင်လျှင် ကြိုတင်၍ ရှိနေတတ်

mgyoe.com

mgyoe.com


၏။ ဇာတ်လမ်းအစဉ် တစ်ခုခုသည် မထင်မရှား မပီဝိုးဝါးမျှပင်ဖြစ်စေ ခပ်ရေးရေး ခေါင်းထဲတွင် မဆွကပင်ရှိ၍ နေတတ်ကြစမြဲဖြစ်၏။ ဤသို့ ကြို၍ ရှိနှင့်နေသည့်အတွက်ပင် ဝတ္ထုခေါင်းစီးအမည်သည် ကလောင်ဖျား၌ အလိုအလျောက် ပေါ်ပေါက်လာရတတ်ခြင်း ဖြစ်လေသည်။ ဝတ္ထုခေါင်းစီးကို တပ်လိုက်ပြီးနောက် ဝတ္ထုကို စ၍ရေးကာ ဇာတ်အိမ် တဖြည်းဖြည်း တည်ဆောက်ယူလာပြီးလျှင် အသေးစိတ် အချက်အလက်များဖြင့် ဖြည့်ဖို့ မွမ်းမံကာ ဝတ္ထုကို ရုပ်လုံးဖော်၍ ယူတတ်ကြလေသည်။ ဤကား... ဝါရင့်ပြီး ကလောင်ရှင်ကြီးများ၏ ဝတ္ထုရေးနည်းဖြစ်၏။ ဝတ္ထုရေးနည်းကို သင်ခါစ၊ ဝါနု ကလောင်ရှင်များ၏အဖို့၌ ထိုနည်းသည် လက်ဦးအစ၌ အခိုက်အတန့်အားဖြင့် ဖြစ်စေ ခက်ခဲသော နည်းမျိုးဖြစ်လေသည်။

ထို့ကြောင့် ဝတ္ထုရေးစ လက်သင် ကလောင်ရှင်များသည် ဝါရင့်ပြီး ကလောင်ရှင်ကြီးများ၏ ထိုနည်းကို မလိုက်သင့်ပေ။

✦

mgyoe.com

mgyoe.com

## ဝတ္ထုနှင့် ကိုယ်ပိုင်သိ အသေးစိတ်များ

ဝတ္ထုရေးလိုသူတစ်ဦး၏ အဖို့၌ ဝတ္ထုတစ်ပုဒ်ကို စ၍ ရေးလိုပါလျှင် ကိုယ်တိုင် ပိုင်နိုင်စွာ အသေးစိတ် သိ၍ထားသော အကြောင်းအရာတစ်ခုကိုသာ စတင်၍ ရေးသားရမည် ဖြစ်လေသည်။

မသိသော အကြောင်းအရာကို ဘယ်အခါမျှ မရေးလေနှင့်။

ဝတ္ထုသည် စိတ်ကူးယဉ်ကိစ္စဖြစ်၏။ ဝတ္ထုရေးသူ၏ စိတ်ကူးစိတ်သန်း ဆန်းကြယ်သလောက် ဝတ္ထုသည်လည်း ဆန်းကြယ်တတ်၏။

သို့သော်... **"တကယ့် အဖြစ်အပျက်သည် စိတ်ကူးယဉ်ဇာတ်လမ်းထက် ဆန်းကြယ်၏"** ဟူသော စကားရှိ၏။

ဝါရင့်ပြီး ကလောင်ရှင်ကြီး အများသည်ပင်လျှင် ဝတ္ထုကို စတင်၍ ရေးသားစ အခါများက စိတ်ကူးယဉ်မှ ပေါ်ထွက်လာသော ဇာတ်လမ်းများကို စတင်၍ ရေးသားသည်ထက် မိမိတို့၏ ကိုယ်တွေ့အဖြစ်အပျက်များအပေါ်တွင် မူတည်ကာ ဝတ္ထုများကို စ၍ ရေးသားတတ်ကြစမြဲဖြစ်၏။ ထို့နောက်မှသာ စိတ်ကူးယဉ်ဇာတ်လမ်းများသို့ တဖြည်းဖြည်း ကူးပြောင်း ရေးသားလာခဲ့ကြခြင်း ဖြစ်လေသည်။

ဝတ္ထုရေးရာ၌ ကိုယ်တိုင်သိသော ဇာတ်လမ်းများသည် အထူး

mgyoe.com

mgyoe.com


ဇာတ်ကွက် ဆင်စရာမလိုဘဲ တကယ်ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းများ ဖြစ်ကြ၏။ "ကိုယ့်ဝမ်းနာ ကိုယ်သာသိ" ဆိုသော စကားအတိုင်း ကိုယ်တွေ့ အဖြစ်အပျက်များသည် ကိုယ့်အတွက် အကျေညက်ဆုံး သိ၍ထားပြီးဖြစ်သော ဇာတ်လမ်းများဖြစ်ကြ၏။ ထို့ကြောင့် ဝတ္ထုရေးလိုသူ ကလောင်သစ်များသည် ကိုယ်အများဆုံးသိသော၊ ကိုယ်အသေးစိတ်သိသော ကိုယ်တွေ့ သို့မဟုတ် မျက်မြင်နားကြားရှိခဲ့သော အကြောင်းအရာများကို အခြေခံထားကာသာလျှင် ဝတ္ထုရေးခြင်းကို စတင်ကြိုးစားသင့်ကြလေသည်။

✦

mgyoe.com

mgyoe.com

# ဝတ္ထုအစ ကိုယ်တွေ့က

လူတိုင်းလူတိုင်းသည် ကိုယ့်ဘဝကို ကိုယ်သာလျှင် အတွင်းအကျဆုံးနှင့် အပြည့်စုံဆုံး သိရှိထား၏။ မိမိ၏အကြောင်းကို မိမိထက်ပို၍ သိနိုင်စွမ်းရှိသော အခြားသူမရှိချေ။ ဝတ္ထုရေးခြင်းသည် ကိုယ်တိုင် ပိုင်နိုင်စွာ သိသော အကြောင်းကို ရေးရခြင်းဖြစ်၏။ သို့ဖြစ်လေရာ ကိုယ့်အကြောင်းကို ကိုယ်သာလျှင် အပိုင်နိုင်ဆုံးသိသောကြောင့် ဝတ္ထုရေးလိုသူ လက်သင်တစ်ဦးသည် ဝတ္ထုရေးတော့မည်ဟု ကြိုးစားကြည့်ပါလျှင် ကိုယ်ပိုင်နိုင်စွာ သိထားသော ကိုယ်တွေ့ သို့မဟုတ် မျက်မြင်နားကြား အဖြစ်အပျက်များကို စတင်၍ ရေးစမ်းကြည့်ရလေသည်။

အထက်ပါ စကားသည် လမ်းမှန်ဖြစ်ကြောင်းကို ကျောင်းနေစဉ် အခါက စာစီစာကုံး ရေးသားရခြင်းကပင်လျှင် သက်သေခံ၍နေ၏။ အကြောင်းမှာမူကား ကျောင်းနေစဉ်အခါ သုံးလေးတန်းသို့ ရောက်ခဲ့ပြီဆိုပါလျှင် စာစီစာကုံးကို စတင်၍ ရေးသားကြရတတ်လေသည်။ ထိုအခါမျိုး၌ ဆရာက စာစီစာကုံးရေးသားခိုင်းတတ်သော အကြောင်းအရာမှာ "ကျွန်ုပ်၏ကျောင်း၊ ကျွန်ုပ်၏အိမ်၊ ကျွန်ုပ်၏သူငယ်ချင်း..." စသော အကြောင်းအရာများသာလျှင် ဖြစ်လေ့ရှိတတ်ပေသည်။ ဆရာ

mgyoe.com

mgyoe.com


သည် ထိုအကြောင်းများကို စာစီစာကုံး စတင်၍ ရေးသားခိုင်းခြင်းမှာ အခြားကြောင့်မဟုတ်။ "ကျွန်ုပ်၏အိမ်၊ ကျွန်ုပ်၏ကျောင်းနှင့် ကျွန်ုပ်၏ သူငယ်ချင်း..." အကြောင်းတို့ကို "ကျွန်ုပ်" သည် အသိဆုံးဖြစ်သော ကြောင့်ဖြစ်၏။ သို့ဖြစ်သဖြင့် စာသင်ကျောင်း၌ စာစီစာကုံး ရေးသားခဲ့ရ ခြင်းသည်ပင် ဝတ္ထုရေးနည်းကို လေ့ကျင့်ရသော ပဏာမနိဒါန်း သင်ခန်း စာနှင့် တူသည်ဟု ဆိုရပေလိမ့်မည်။

ဤအချက်ကို ထောက်ခြင်းအားဖြင့် ဝတ္ထုစ၍ ရေးတော့မည်ဟု ဆိုပါလျှင် ကိုယ့်ကိုယ်တိုင်၏ အကြောင်းကိုပင်ဖြစ်စေ၊ ကိုယ့်ကိုယ်တိုင် မျက်မြင်နားကြား တကယ် တွေ့ကြုံခဲ့ရသော နီးစပ်ရာလူများ၏ အကြောင်းကိုဖြစ်စေ ရေးသားခြင်းသည် အလွယ်ကူဆုံးဖြစ်ကြောင်းကို တွေ့ရပေလိမ့်မည်။

ကိုယ် မသိသော အကြောင်းထက် ကိုယ်သိသော အကြောင်းကို စတင်ရေးသားခြင်းသည် အကောင်းဆုံး၊ အမှန်ဆုံး ဖြစ်၏။ ကိုယ်မသိ သော အကြောင်းကိုရေးလျှင် မှန်ဖို့ထက် မှားဖို့က များ၏။ ကိုယ်သိသော အကြောင်းကို ရေးပါလျှင်မူကား (စာကောင်းသည်၊ မကောင်းသည်ကို အပထား၍) ရေးသားသော အချက်အလက်များသည် မှားဖို့ထက် မှန်ဖို့ ဘက်ကသာ အများဆုံး ဖြစ်နိုင်လေသည်။

ဝါရင့်ပြီးသော ကလောင်ရှင်ကြီးများသည် ကလောင်သက် နုနယ် ခိုက် ဝတ္ထုကို စတင်ရေးသားကြစဥ်အခါက ကိုယ်တိုင်၏ အကြောင်း သို့တည်းမဟုတ် ကိုယ်နှင့်နီးစပ်သောသူများ၏ အကြောင်းတို့ကို စတင် ၍ ရေးသားကာ လက်တည့်စမ်းခဲ့ကြဖူးသည်သာ များလေသည်။ အကြောင်းမှာမူ ထိုအကြောင်းများကို ကိုယ်ကိုယ်တိုင်က ဂဃနဏ သေချာစွာ သိထားသောကြောင့် ဖြစ်၏။

ဝတ္ထုရေးခြင်းဆိုသည်မှာ ကိုယ်ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် သိထား

mgyoe.com

mgyoe.com


သော အကြောင်းအရာများကို ဖတ်ချင်စဖွယ် ရေးသားခြင်းပင် ဖြစ်လေသည်။ ဖလမ်းမြို့သို့ မရောက်ဖူးသော သူတစ်ယောက်သည် ချင်းအမျိုးသားများ၏အကြောင်း ပါဝင်သော ဝတ္ထုတစ်ပုဒ်ကို ဖြစ်မြောက်မှန်ကန်အောင် ရေးနိုင်ရန် မလွယ်ကူလှပေ။ မောင်းမကန်ကမ်းခြေသို့ မရောက်ဖူးသော သူတစ်ယောက်သည် ပင်လယ်၏အလှကို ကျနအောင် စာဖွဲ့နိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် **ဝတ္ထုအစကိုယ်တွေ့က** ဟု ဆိုစရာ ရှိပေသည်။

ဘဝဟူသည်မှာ လောကဓံတရားနှင့် အစဉ်အမြဲ ကြုံတွေ့နေရခြင်းပင်ဖြစ်သည်။ ယင်းသို့ လောကဓံနှင့် တွေ့ကြုံနေရသော အဖြစ်အပျက်များသည် ဝတ္ထုဇာတ်လမ်းများပင် ဖြစ်ကြလေသည်။ ရေးသင့်သောဇာတ်လမ်း၊ မရေးသင့်သော ဇာတ်လမ်းဟူ၍သာ ခြားနားချက် ရှိလေသည်။

ကိုယ်ရေးကိုယ်တာ ကိစ္စများသည် အများနှင့် မသက်ဆိုင်သည်ကားမှန်၏။ သို့ရာတွင် ဝတ္ထုကို စ၍ ရေးတော့မည်ဆိုလျှင်မူကား ရေးဦးစဝတ္ထုများတွင် ကိုယ်ရေးကိစ္စ၊ ကိုယ်တိုင် တွေ့ကြုံရသော ကိစ္စများသည် အနည်းနှင့်အများဆိုသလို ပါဝင်၍နေတတ်သည်သာ ဖြစ်လေသည်။

နိုင်ငံခြားသား ကမ္ဘာကျော်ဝတ္ထုရေးဆရာ အေ–ဂျေ ကရိုနင်သည် လက်ဦးက ဆရာဝန်တစ်ဦး ဖြစ်ခဲ့လေသည်။ စာရေးဝါသနာ ပါရှိလာသည့်အလျောက် ဝတ္ထုကို စ၍ စမ်းရေးကြည့်ရာ "အရူးကြီး၏ ရဲတိုက်" ဟူသော ဝတ္ထုကို စ၍ ရေးလေသည်။ ထိုဝတ္ထုထဲ၌ ဗြိတိန်နိုင်ငံ ဆေးကောင်စီ၏ ချို့ယွင်းချက်များကို သရော်ချက်များ ပါရှိလေသည်။ "အရူးကြီး၏ ရဲတိုက်" ဇာတ်လမ်းမှာ စင်စစ်အားဖြင့် ဝတ္ထုရေးဆရာ ကရိုနင်နှင့် ဗြိတိသျှဆေးကောင်စီတို့၏ ပဋိပက္ခဇာတ်လမ်းဖြစ်၏။ ဤအချက်ကို ထောက်ပြရခြင်းမှာကား အခြားကြောင့်မဟုတ်၊ ဝတ္ထုစ၍ ရေးသားမည်ဟု စိတ်ကူးသော ကလောင်သစ်တစ်ဦးသည် မိမိ လက်လှမ်းမီရာ၊

mgyoe.com

mgyoe.com


မိမိကိုယ်တိုင် ကောင်းစွာသိသော အဖြစ်အပျက်အကြောင်းအရာမှ အစပြု၍ ရေးသားသင့်ကြောင်းကို ထောက်ပြလို၍ဖြစ်လေသည်။ စာရေးခြင်း၏ အစဟု ဆိုအပ်သော ကျောင်းသင် စာစီစာကုံးရေးနည်း၌ပင် "ကျွန်ုပ်၏အိမ်၊ ကျွန်ုပ်၏ကျောင်း၊ ကျွန်ုပ်၏သူငယ်ချင်း" စသော နီးစပ်ရာအကြောင်းအရာများက စတင်ရေးသားရကြောင်းကို ရှေ့ပိုင်း၌ ထောက်ပြခဲ့ပြီးပြီဖြစ်၏။ သို့ဖြစ်ရာ ဝတ္ထုစ၍ ရေးတော့မည် ဆိုပါလျှင်လည်း မိမိနှင့် နီးစပ်ရာအကြောင်းများကို အခြေခံကာ စတင်ရေးသားခြင်းသည် မှန်ကန်ဖို့ အနီးဆုံးဖြစ်သည်ဟု ဆိုချင်ပေသည်။

✦

mgyoe.com